မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၀၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကိုပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။

၂။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။

၃။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အားနှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။

၅။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများ လှည့်လည်ကြည့်ရှုစစ်ဆေး စိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေးနှင့် ဈေးနှုန်းသက်သာစွာ ရောင်းချနိုင်ရေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၈)ရပ်ကွက်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ရောက်ရှိရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကင်းမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

သမာဓိအားနဲ့ ပျံ့လွင့်နေတဲ့စိတ်ကို စုစည်းလိုက်ရင် ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်တွေမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါး အညီညွတ်ဆုံးအချိန်အခါနဲ့ အခြေအနေဖြစ်လာပြီး အလွန်အထူး တည်ငြိမ်လာမယ်၊ ကိုယ်ခံစွမ်းအားတွေ မြင့်တက်လာမယ်၊ ပြင်ပပိုးမွှားများကို တိုက်ထုတ်နိုင်တဲ့ ဓာတ်၊ သို့မဟုတ် ရောင်ခြည်တွေ ထုတ်ပေးနိုင်လိမ့်မယ်။

ဒေါက်တာလွင်ကို၏ အသက်ရှည်စွာ အနာမဲ့ရေး(၂၀) ဆောင်းပါး (စာ- ၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်)

မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေး ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်ချေမှုန်းလျက်ရှိသည်။ နိုင်ငံအတွင်း မူးယစ်ဆေးဝါး လုံးဝကင်းစင်ပပျောက်ရေး အတွက် ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစတင်ပြီး (၁၅)နှစ်စီမံကိန်း ချမှတ်၍ ဖော်ဆောင်လျက်ရှိရာ ပထမငါးနှစ်စီမံကိန်းကာလ ရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ယခုအခါ ဒုတိယငါးနှစ်စီမံကိန်း အောင်မြင်ရေးအတွက် ဆက်လက် ကြိုးပမ်းလျက်ရှိသည်။

ယခုအခါ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့များက အိမ်နီးချင်း ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် သတင်းများ အပြန်အလှန်ဖလှယ်ခြင်းဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သည့်အဖွဲ့များကို တိုးမြှင့်ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ရာတွင် ထုတ်လုပ်မှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများက ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့်နည်းတူ သုံးစွဲမှုပပျောက်ရေး၌လည်း ပြည်သူများ ပါဝင်ပူးပေါင်းလာရေးသည် အရေးပါလျက်ရှိသည်။ သုံးစွဲမှုပပျောက်ရေးကဏ္ဍ အောင်မြင်ရေးအတွက် ဆေးကုသရေး၊ ပြန်လည် ထူထောင်ရေး၊ ပြည်သူများအား အသိပညာပေး လှုံ့ဆော်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးရေးလုပ်ငန်းများကို ထိရောက်စွာ လုပ်ဆောင်လျက်ရှိသည်။

ပြည်သူလူထုအတွင်း ထိုးဖောက်စည်းရုံးမှုအဖြစ် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးဒုက္ခများကို ဘက်ပေါင်းစုံမှ အသိပညာပေးလျက်ရှိသည်။

မူးယစ်ဆေးဝါး၏ ဆိုးကျိုးကို တိုင်းရင်းသားပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိသဘောပေါက်ပြီး နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင် ကြိုးပမ်းကြသည်နှင့်အမျှ မူးယစ်ဆေးဝါး တားဆီးကာကွယ် တိုက်ဖျက်ရေးလုပ်ငန်း ပိုမိုတိုးတက် အောင်မြင်နိုင်မည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး တာဝန်ခွဲဝေဆောင်ရွက် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်တည်ဆောက်

ရန်ကုန် ဇန်နဝါရီ ၁၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇန်နဝါရီ ၈ ရက်တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် လှော်ကားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ ရေးဦးစွာ စက်ရုံမှူးဦးသိန်းဇော်က စက်ရုံသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြသသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် Gas Yard အတွင်း လျှပ်စစ်ကျွမ်းကျင်လုပ်သားများ သဘာဝဓာတ်ငွေ့ပါရှိသော အမှုန့်များအား သန့်စင်မှုတ်ထုတ်နေမှု၊ ရေချေးတာဘိုင်မောင်းနှင်နေမှု၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံများ၌ အသုံးပြုရန် စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် သာကေတ လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းလွင်နှင့် စက်ရုံမှူး ဦးထွန်းလှိုင်တို့က စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် အသစ်လဲလှယ်မည့် စက်အစိတ်အပိုင်းပစ္စည်းများကို ရှင်းလင်းပြသသည်။

မှာကြား

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သာကေတစက်ရုံသို့ သွယ်တန်းပို့လွှတ်ထားသော သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစက်များ လည့်ပတ်မောင်းနှင်ရာ၌ ထိခိုက်မှု မရှိစေရန် ငါးမိနစ်လျှင်တစ်ကြိမ် သဘာဝဓာတ်ငွေ့ သန့်စင်မှုတ်ထုတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် အတွက် လုပ်ငန်းကို နေ့ရောညပါ တာဝန် ခွဲဝေဆောင်ရွက်စေလိုကြောင်းနှင့် အသစ်လဲလှယ်မည့် စက်အစိတ်အပိုင်းပစ္စည်းများကို အမြန်ဆုံး လဲလှယ်ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအနီး ၂၃၀/၃၃ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းခန်းမ၌ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (တောင်ပိုင်း)ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ၂၃၀ ကေဗွီ သန်လျင် ဓာတ်အားခွဲရုံ တည်ဆောက်ရန် စီစဉ် ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ ဦးစောဝင်းမောင်က ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးမှုနှင့် တည်ဆောက်ပြီးစီးပါက ဖီဒါရှစ်ခုဖြင့် ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစေရေးတို့ကိုမှာကြားပြီး ဓာတ်အားထိန်းချုပ်မှုခန်းမ တည်ဆောက်ပြီးစီးမှုနှင့် ဓာတ်အားခွဲရုံသို့ ပစ္စည်းများ ရောက်ရှိနေမှုနှင့် Swith Yard တည်ဆောက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာမှုရှိရေး ဆောင်ရွက် ရောင်းဝယ်သူများ စိတ်ချမ်းမြေ့စေရေး စနစ်တကျကြပ်မတ်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ကော်မတီဝင် ဦးလှအေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက် ၇ နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ယမုံနာလမ်းနှင့် မြင်တော်သာလမ်းထောင့်ရှိ ရွှေခင်းသာအခွန်လွတ်ဈေးသို့ရောက်ရှိပြီး ဈေးအတွင်း အရောင်းဆိုင်များက အခြေခံစားကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေအခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကင်းမြို့နယ်ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်းအခွန်လွတ်ဈေးသို့ လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရာဇာဓိရာဇ်လမ်းနှင့် အနော်ရထာ လမ်းထောင့်ရှိ ဒဂုံမြို့သစ် (မြောက်ပိုင်း) အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ ဈေးများအတွင်း အရောင်းဆိုင်များက အခြေခံစားကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စားသောက်ကုန်ပစ္စည်းများ သန့်ရှင်းလတ်ဆတ်၍ ဈေးနှုန်းသက်သာမှုရှိစေရေး၊ ရောင်းဝယ်သူများ စိတ်ချမ်းမြေ့မှုရှိစေရန် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေး မှာကြားသည်။

ဖွင့်လှစ်ထား

အဆိုပါ အခွန်လွတ်ဈေးများအတွင်း ဌာနဆိုင်ရာများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်နယ် တပ်ရင်းများ၊ ပုဂ္ဂလိကအသင်း အဖွဲ့များနှင့် ကိုယ်တိုင် စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ အရောင်းဆိုင်များက ဟင်းသီးဟင်းရွက်၊ သား၊ ငါး၊ ဆန်၊ ဆီ၊ ကြက်ဥ၊ ကုန်ခြောက်နှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိပြီး ရန်ကုန်မြို့တော်အတွင်း အခွန်လွတ် ဈေးပေါင်း ၁၁ ဈေး ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြေသန့်အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ချောက်မြို့ မင်္ဂလာဇေယျာကျောင်းတိုက် ရန်ကင်းတောင်ပေါ်၌ လောကဥသျှောင်ကြံတိုင်းအောင်မဟာဗောဓိစေတီတော်မြတ်ကြီးအား အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်တွင်ကျင်းပမည်ဖြစ်ရာ ဆရာတော် ဦးကောသလ္လ၊ ဦးနိမလ၊ ဦးဃောသက တို့ကကြီးမှူး၍ မတည်အလှူရှင် ဦးသိန်းကြည်-ဒေါ်နွဲ့နွဲ့ရီ၊ သမီး မဆုမြတ်မွန်နှင့် ခုနစ်ရက်သားသမီးများ လှူဒါန်းငွေဖြင့် တည်ထားပူဇော်မည်ဖြစ်ရာ ကုသိုလ်ပါဝင် လှူဒါန်းလိုသော စေတနာရှင်များသည် ဦးဃောသက (သန္တိသုခကျောင်း ၇ ရပ်ကွက် ကျန်စစ်သားလမ်း ဒဂုံမြို့သစ် မြောက်ပိုင်း) ဖုန်း-၀၉-၅၁-၁၂၂၉၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဝိသုံဂါမ သာသနပါလ သိမ်တော်ကြီး ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

တောင်ဥက္ကလာပမြို့နယ်(၁၄/၂)ရပ်ကွက်၊ ဇင်ယော်လမ်း၊ သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ **“ဝိသုံဂါမသာသနပါလ သိမ်တော်ကြီး”** ဆောက်လုပ်ရန် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ တက်ရောက်ကြည်ညိုနိုင်ရန် ဖိတ်ကြားထားကြောင်းနှင့် လှူဒါန်းလိုသူများ အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၅၆၃၁၄၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၁၁-၁-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅:၃၅ ၉။ ဟဒယရွှင်လန်းအငြိမ့်ခန်း
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၃၀ ၁၄။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၅။ လှုပ်လှုပ်ရှားရှား ပုံရိပ်များ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကျေးတောသူ”** (အပိုင်း-၁၉)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နောက်ဆုံးပစ်မှတ်”** (အပိုင်း-၂၁)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးမြို့ ဈေးချိုတော်အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေး

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၇ခုနှစ် မန္တလေးမြို့ အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက ချမ်းအေးသာစံမြို့နယ် ၂၆လမ်းနှင့် ၈၄လမ်းထောင့်ရှိ မန္တလေး ဈေးချိုတော်ရှေ့၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တရားရုံးချုပ်(အထက်မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့များ၊ ဈေးချိုတော် ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဈေးချိုတော် ဈေးရောင်းပွဲတော်မုခ်ဦးကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဈေးအကျိုးတော်ဆောင် အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးက ၂၀၀၇ခုနှစ် ဈေးချိုတော် အထူးဈေးရောင်းပွဲတော် Digital ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ပေးသည်။

(ယာပုံ)



ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား ဈေးချိုတော်မင်္ဂလာမဏ္ဍပ်တွင် မန္တလေးတိုင်း ဂူရှူးဆပ်ကော်မတီမှ အားကစားသမားများက ဂူရှူးအားကစားသရုပ်ပြသပြီး ဈေးချိုတော် နေ့ကလေးထိန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက အဆို၊အကများဖြင့် ဖျော်ဖြေကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ဈေးချိုတော် အထူးဈေးရောင်းပွဲတော်တွင် ဖွင့်လှစ်ရောင်းချသော ဆိုင်ခန်းများကို လိုက်လံကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စင်ထရယ်ကျောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

ဟိုက်စကူး စင်ထရယ် ကျောင်းသူကျောင်းသားများ (၂၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၁ရက် (တနင်္ဂနွေနေ့)တွင် လသာ အထက(၁)၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။**(က–ပ)**

လယ်တီဝိပဿနာ ၁၀ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်း တမူးမြို့ အောင်နိမိတ်ဆရာတော်၏ သက်တော်(၅၄)နှစ်ပြည့် ဝိဇာတမွေးနေ့၌ ရန်ကုန်တိုင်း မော်ဘီမြို့နယ် သဲဖြူတောရ ဓမ္မရိပ်သာဆရာတော်က ဇန်နဝါရီ ၁၈ရက်မှ၂၇ရက်အထိ သမထဝိပဿနာ ၁၀ရက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖုန်း– ဝ၇၃–၄၀၃၅၇သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၁–၁–၂၀၀၇ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ အကပဒေသာ
၈း၂၀ ၈။ မင်းလှရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let's Go

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use
၁၆း၄၀ ၄။ လက်ဆင့်ကမ်းပေး ဂီတတေး
၁၆း၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) [ဓာတုဗေဒ]
၁၇း၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇း၂၀ ၇။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း–၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ဟန်နီထွန်း၊ ရတနာခင်၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြည်ဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇း၃၅ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၁၇း၅၀ ၉။ **"အသက်ကလေးရယ်တဲ့ ရှည်စေလို"** ဦးအောင်လွင်၊ ဦးကြည်စိုး၊ မေထွဋ်ခေါင် (ဒါရိုက်တာ–ကြည်စိုး)
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ သီရိဂေဟာ
၁၈း၅၀ ၁၃။ မှုဟန်သွယ်သွယ် ဆိုကြမယ်
၁၉း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၁၂)
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာနွေဦး"**(အပိုင်း–၂)

● ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၂၆)ရပ်ကွက်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ သာကေတမြို့နယ်ရှိ ရှုခင်းသာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း ရောက်ရှိပြီး အခွန်လွတ်ဈေးများအတွင်းရှိ အမှတ်(၁)စက်မှု ဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့်လူသုံးကုန်အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ သားငါးနှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်တို့မှ ကိုယ်တိုင် ထုတ်လုပ်သူ လုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ ငါးနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၊ ပုဂ္ဂလိက ကုမ္ပဏီများ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချို–ရေငန် ငါးမျိုးစုံနှင့် နို့ထွက် ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်း၏ ကြက်သွန်နီ အရောင်းဆိုင်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများ အသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ စားအုန်းဆီ၊ ကုန်ခြောက် ပစ္စည်း အရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံး ပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန် ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဈေးနှုန်း သက်သာစွာဖြင့် ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ လိုက်လံ ရှင်းလင်းတင်ပြကြသည်။



ရည်ရွယ်ချက်ထိန်းသိမ်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရေး၊ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေး၊ ဈေးနှုန်းတည်ငြိမ်ရေး၊ စားသုံးသူများစိတ်ချမ်းမြေ့စွာ ဝယ်ယူနိုင်ရေးအတွက် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ သားငါးများကို ဈေးနှုန်း သက်သာစွာဖြင့် ရောင်းချနိုင်ရေး၊ စားသုံးကုန်ပစ္စည်း အမယ်မျိုးစုံရောင်းချနိုင်ရေး၊ အခွန်လွတ်ဈေးအတွင်းရှိ ဆိုင်တွင်း ဆိုင်ပြင် သန့်ရှင်းသပ်ရပ်ရေးတို့နှင့် စပ်လျဉ်း၍တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အောက်ရုံရပ်ကွက် ဇေတဝန်ကျောင်း ဓမ္မရိပ်သာတွင် (၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၉ရက်မှ တပို့တွဲလပြည့်ကျော် ၂ရက်အထိ) ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယကို ခံယူကာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိဝေလာစာသင်တိုက်မှ မိုးကုတ်ဝိပဿနာနယ်လှည့် ဓမ္မကထိက အရှင်ဣန္ဒာသဘာသီရိက ပဋိစ္စသမုပ္ပာဒ်တရားတော် အခြေခံထားပြီး ခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်ပေးတရား ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင် သံဃာတော်များနှင့် ယောဂီများသည် ကြိုတင်စာရင်းပေးထားကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲများလှူဒါန်းလိုပါက ဖုန်း– ၇၀၇၁၂၈ ဇေတဝန်ကျောင်း ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ဇာနေယျထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ဇန်နဝါရီ နောက်ဆုံးပတ်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower Conference Hall ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ အစည်းအဝေး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခံယူ

ဗဟန်းမြို့နယ် အောင်ဇေယျလမ်း အမှတ်(၂၇)ဘီနေ ဒေါ်ခင်မေနှင့်မိသားစုက ဦးမောင်မောင်ကြီး [ဥက္ကဋ္ဌ(ငြိမ်း) ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့] ကွယ်လွန်ခြင်း သုံးနှစ်ပြည့်အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ(ကိုယ်စား) အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးက လက်ခံယူစဉ်။ (က–ပ)

ဇန်နဝါရီ ၈ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၃၄ စံပြ ရပ်ကွက် အမှတ် (၁၄) အခြေခံ ပညာ မူလတန်းလွန် ကျောင်း၏ ၂၀၀၅ – ၂၀၀၆ ပညာ သင် နှစ် ပညာ ရည် ချွန် ဘက်စုံဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လှိုင်က သူငယ်တန်း (A)မှ ပထမဆုရ မအေးမြသီတာအောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အီရတ်အရေး ကြားနာစစ်ဆေးမည်

ဝါရှင်တန် ဇန်နဝါရီ ၁၀

ယခု ရက်သတ္တပတ်အတွင်း အီရတ်အရေး ကြားနာမှုအစီအစဉ်များကို သမ္မတဘုရှ်၊ အစိုးရအရာရှိများနှင့် အမေရိကန်ကွန်ဂရက်မှ ဒီမိုကရက်ခေါင်းဆောင်များက စီစဉ်ထားကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဇန်နဝါရီ ၈ ရက်တွင် ရေးသားလိုက်သည်။

ကွန်ဂရက် လွှတ်တော်အစည်းအဝေး ပြုလုပ်သည့် ရက်သတ္တပတ်များတွင် ဒီမိုကရက်ခေါင်းဆောင်များက ပြည်တွင်းရေးကိစ္စကို အဓိကထားရန် မျှော်လင့်ခဲ့သော်လည်း အီရတ်အရေးမှာ အဓိကဖြစ်လာနိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဆင့်ခေါ်မည်

သမ္မတဘုရှ် နိုင်ငံတော်အခြေပြ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားမည့် စစ်မဟာဗျူဟာ ပြောင်းလဲရေးကိစ္စ နှင့် ပတ်သက်၍ အောက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီတွင် နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ် လာရောက်ရန် ဇန်နဝါရီ ၁၂ ရက်တွင် ဒီမိုကရက်ခေါင်းဆောင်များက ဆင့်ခေါ်မည်ဖြစ်သည်။ အောက်လွှတ်တော် လက်နက်ကိုင်တပ်များ ကော်မတီက ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်အား ဇန်နဝါရီ ၁၉ရက်တွင် ခေါ်ယူကြားနာရန် စီစဉ်ထားသော်လည်း အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပေလိုစီနှင့် ညှိနှိုင်းအပြီးတွင် ဇန်နဝါရီ ၁၂ ရက်သို့ ရွှေ့တရက်ရွှေ့လိုက်သည်။

အထက်လွှတ်တော်နိုင်ငံခြားဆက်ဆံရေးကော်မတီကလည်း အီရတ်လက်ရှိအခြေအနေကို ဇန်နဝါရီ ၁၁ ရက်တွင် ကြားနာပြီးနောက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီး ရိုက်ဇ်အား မေးမြန်းစစ်ဆေးမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကားထုတ်လုပ်

ဂျပန်နိုင်ငံ တိုကျိုမြို့၌ တိုယိုတာကားထုတ်လုပ်သည့် ကုမ္ပဏီ၏ လုပ်ငန်းခွင် တစ်နေရာကို ဇန်နဝါရီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၌ ပျောက်ဆုံးနေသော ခရီးသည်တင်လေယာဉ် ရေတပ်ယာဉ်ခြောက်စင်း ထပ်မံဖြည့်တင်း ရှာဖွေ

ဂျကာတာ ဇန်နဝါရီ ၁၀

အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သော ခြောက်ရက်ခန့်က ဆူရာဘာယာမှ မာနာဒိုမြို့သို့ ခရီးသည် ၁၀၂ဦး တင်ဆောင်ပျံသန်းလာသော လေယာဉ်တစ်စင်း ပျောက်ဆုံးနေခဲ့ရာ ၎င်းလေယာဉ်အား ရှာဖွေမှုအတွက် နောက်ထပ်ရေတပ်ယာဉ် ခြောက်စင်းကို ထပ်မံဖြည့်တင်းကာ ရှာဖွေမှုများပြုလုပ်လျက်ရှိကြောင်း အင်ဒိုနီးရှား ဒုတိယသမ္မတ ဂျူဆာဖ်ကယ်လာက ပြောကြားသည်။

ပျောက်ဆုံးနေသော အဆိုပါ ဘိုရင်း ၇၃၇-၄၀၀လေယာဉ်ကို တွေ့ရှိအောင်ရှာဖွေမှုများ မိမိတို့ပြုလုပ်နေကြောင်း ကယ်လာက ပြောကြားသည်ဟု အင်တာရာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ပြုလုပ်

နောက်ထပ် ဖြည့်တင်းပေးလိုက်သော ရေတပ်ယာဉ်ခြောက်စင်းနှင့်အတူ ဇန်နဝါရီ ၇ ရက်မှ စတင်ကာ အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းအပြင် ပိုလီ၊ဝါလီမန်၊ဒါခရိုင်စသည့် သုံးနေရာတို့တွင် ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်ဟု ကယ်လာက ဆက်လက်ပြောကြားသည်။ ထိုသို့ရှာဖွေမှုတွင် စစ်ဘက် ရေတပ်ယာဉ်လေးစင်း၊ နောက်ထပ်ဖြည့်တင်းလိုက်သည့် ရေတပ်ယာဉ် ခြောက်စင်းအပြင် ကယ်ဆယ်ရေးအဖွဲ့များကလည်း ရှာဖွေမှုများ ပြုလုပ်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရန်သဘာဝဓာတ်ငွေ့ တူရကီသို့ ပြန်လည်ပို့လွှတ်

အင်ကာရာ ဇန်နဝါရီ ၁၀

အီရန်နိုင်ငံသည် ပြည်တွင်း၌ သဘာဝဓာတ်ငွေ့သုံးစွဲမှုများပြားလာသဖြင့် တူရကီနိုင်ငံသို့ တင်ပို့ပေးနေသော ဓာတ်ငွေ့များကို သီတင်းပတ် အတန်ကြာ ရပ်ဆိုင်းထားခဲ့ရပြီးနောက် ယခုအခါ တူရကီနိုင်ငံသို့ ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းမှစ၍ သဘာဝဓာတ်ငွေ့များ ပြန်လည်ပို့လွှတ်နေပြီဖြစ်ကြောင်း၊ အီရန်နိုင်ငံ အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

ပြောကြား

အီရန်နိုင်ငံအနေဖြင့် ထိုနေ့ မွန်းလွဲပိုင်းအထိတိုင်အောင် တူရကီနိုင်ငံသို့ သဘာဝဓာတ်ငွေ့ ကုဗမီတာ ၃ ဒသမ ၅ သန်း ထုတ်လွှတ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ အီရန်နိုင်ငံက ထိုပို့လွှတ်ခဲ့သည့် ပမာဏထက်ပို၍တိုးပြီး ပို့လွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်ဟု တူရကီစွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ သတင်းရပ်ကွက်များက ကြေညာခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသေးဆုံး ဟမ်ဘာဂါ

ကမ္ဘာ့အသေးငယ်ဆုံး ဟမ်ဘာဂါ မုန့်တစ်ခုကို ပြသထားစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံပေကျင်းမြို့ရှိ စားသောက်ဆိုင်တစ်ခု၌ အချင်းတစ်လက်မ၊ အမြင့် ၁ ဒသမ ၅ လက်မသာရှိသော ဟမ်ဘာဂါလေးတစ်ခုကို ပြုလုပ်ပြသထားရာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ဟမ်ဘာဂါလေး တစ်ခုဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ရှေးဟောင်းမြေခွက်

ရှေးဟောင်း မြေခွက် တစ်ခုကို သုတေသနပညာရှင်တစ်ဦးက ပြသနေစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ အလယ်ပိုင်း ဟီနန်ပြည်နယ် ကျာကျိုမြို့တွင် မြေအောက်မှ တူးဖော်ရရှိသော ရှေးဟောင်း မြေခွက်တစ်ခုမှာ အရောင်များ ခြယ်သထားပြီး လုံးဝန်းသော ပုံသဏ္ဌာန်ရှိသည်။ သုတေသန ပညာရှင်များ၏ လေ့လာချက်အရ ၎င်းမြေခွက်သည် တရုတ်နိုင်ငံ တန်မင်းဆက် (အေဒီ ၆၁၈-၉၀၆)လက်ထက်က အသုံးပြုခဲ့သော ပစ္စည်းဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

မက်ဆီဒိုးနီးယားရဲတပ်ဖွဲ့ ကိုကင်း ကီလို ၄၀၀ ဖမ်းမိ

တီရာနာ ဇန်နဝါရီ ၁၀

မက်ဆီဒိုးနီးယား ရဲတပ်ဖွဲ့က ကိုဆိုဗိုနယ်စပ်အနီး၌ ကိုကင်း ၄၀၀ ကီလိုကျော်ကို ဇန်နဝါရီ ၇ ရက်က သံသယရှိသူတစ်ဦးနှင့်အတူ ဖမ်းဆီးလိုက်သည်။

ယင်း ကိုကင်းတန်ဖိုးသည် ယူရို သန်း ၄၀ကျော်ဖိုး (အမေရိကန်ဒေါ်လာ ၅၂ သန်းဖိုး) ရှိကြောင်း၊ မက်ဆီဒိုးနီးယားတွင် ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများတွင် အများဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများကို ထရပ်ကားတစ်စီးပေါ်တွင် ပလတ်စတစ်ဘူးအလုံး ၆၀ ဖြင့် ဝှက်၍ သယ်ဆောင်လာကြောင်း၊ ယင်းကို မက်ဆီဒိုးနီးယား၏မြို့တော် စကိုပျေ မြောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ နယ်စပ်၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဝင်ရောက်

ယင်းထရပ်ကားသည် မွန်တီနီဂရိုးဘားဆိပ်ကမ်းမြို့မှ ကုန်တင်ထွက်လာရာ ကိုဆိုဗိုကိုဖြတ်ပြီး မက်ဆီဒိုးနီးယားသို့ ဝင်ရောက်လာခြင်း ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပိုလန်သို့ ပိုက်လိုင်းဖြင့် ရေနံပေးပို့ရေး ရုရှားနှင့်ဘီလာရုစ်နိုင်ငံတို့ သဘောထားကွဲနေ

ဝါဆော ဇန်နဝါရီ ၁၀

ရုရှားမှ ပိုလန်နိုင်ငံသို့ ရေနံပေးပို့နိုင်ရန်အတွက် ဘီလာရုစ်နိုင်ငံမှ ဖြတ်သန်းပို့ဆောင်ခနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုရှိနေကြောင်း ဇန်နဝါရီ ၈ရက်က စီးပွားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာသည်။

ရုရှားနိုင်ငံမှပိုလန်သို့ရေနံပေးပို့ ဖြန့်ဖြူးနိုင်ရေးအတွက် ဘီလာရုစ်မှဖြတ်သန်းကာ ပါဒ်ဂျန်ရေနံပိုက်လိုင်းသွယ်တန်းရမည် ဖြစ်သည်။

ရုရှားနိုင်ငံမှ အနောက်ဥရောပနိုင်ငံများသို့ ရေနံတင်ပို့ရာတွင် ဘီလာရုစ်မှ ဖြတ်ကျော်၍ သင်္ဘောဖြင့်ပို့ဆောင်ခ အခွန်ကောက်ခံမှုမှာ ရေနံမက်ထရစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅ ဒေါ်လာရှိမည်ဖြစ်ကြောင်း ဘီလာရုစ်နိုင်ငံက လွန်ခဲ့သည့် သီတင်းပတ်က ကြေညာခဲ့သည်။

ဘီလာရုစ်ကိုဖြတ်သန်းတင်ပို့သည့် ရေနံမက်ထရစ်တစ်တန်လျှင် အခွန်စည်းကြပ်မှုမှာ ရေနံမက်ထရစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၀ ပေးဆောင်ရမည်ဟု ရုရှားနိုင်ငံမှ ဆုံးဖြတ်ချက်ချပြီးနောက် ဘီလာရုစ်နိုင်ငံက အဆိုပါ ကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

၂၀၀၆–၂၀၀၇ ခုနှစ် တတိယအကြိမ် စွမ်းအင်ဝန်ကြီးဖလား ရပ်ကွက်၊ကျေးရွာပေါင်းစုံ ဘော်လီဘောနှင့် ဘောလုံးပြိုင်ပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ တက်ရောက်ကြည့်ရှုအားပေး၊ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် ဇန်နဝါရီ၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသော ၂၀၀၆–၂၀၀၇ ခုနှစ် တတိယအကြိမ် စွမ်းအင်ဝန်ကြီးဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဗိုလ်လုပွဲကို နံနက် ၉ နာရီတွင် ကျင်းပရာ သုံးခွကျေးရွာ ဘော်လီဘောအသင်းက မန်းကလိတ်ကျေးရွာ ဘော်လီဘော အသင်းကို အနိုင်ရဗိုလ်စွဲသွားသည်။

ဆုပေးအပ်ချီးမြှင့်

ဆက်လက်၍ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ နေရာအလိုက် အကောင်းဆုံး ဘော်လီဘောသမားများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘော်လီဘောသမားနှင့် ပထမ၊ ဒုတိယရရှိသော ဘော်လီဘောအသင်းများအား တာဝန်ရှိသူတို့က တစ်ဦးချင်းဆုနှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသွားသော သုံးခွကျေးရွာ ဘော်လီဘောအသင်းအားဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသိက တံခွန်စိုက် ဆုဖလားနှင့် ဆုကြေးငွေ ပေးအပ်ချီးမြှင့်သည်။

တက်ရောက်အားပေး

ယင်းနောက် ဝန်ကြီးသည် ညနေပိုင်းတွင် ကွမ်းခြံကုန်းမြို့ အောင်ဆန်းသူရိယလှသောင်း ဘောလုံးကွင်း၌ ကျင်းပသည့် တတိယအကြိမ် စွမ်းအင်ဝန်ကြီးဖလား ရပ်ကွက်၊ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဗိုလ်လုပွဲတွင် ကံကြီး/မကျီး ရပ်ကွက် ဘောလုံးအသင်းက မြို့ပေါ်ညွန့်ပေါင်းဘောလုံးအသင်းကို ငါးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာ ရှေးဦးစွာ အားကစားဝန်ကြီးဌာနမှ လှူဒါန်းသည့် အားကစားပစ္စည်းများကို အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းတင်က ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဝင်းထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက်နေရာအလိုက်အကောင်းဆုံး ဘောလုံးသမားများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားနှင့် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသော ဘောလုံးအသင်းများအား တာဝန်ရှိသူတို့က တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသွားသော ကံကြီး/မကျီးရပ်ကွက် ဘောလုံးအသင်းကို စွမ်းအင်ဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသိက တံခွန်စိုက် ဆုဖလားနှင့် ဆုကြေးငွေ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ တတိယအကြိမ် စွမ်းအင်ဝန်ကြီးဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ကံကြီး/မကျီး ရပ်ကွက် ဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

(စွမ်းအင်)

*** ကျောဖုံးမှ**

သမ္မတဘုရှ်သည် အီရတ်ဆိုင်ရာ ရှေ့လုပ်ငန်းစဉ်ကို ဗုဒ္ဓဟူးနေ့တွင် ကြေညာဖွယ်ရှိသည်။ ထိုရှေ့လုပ်ငန်းစဉ်တွင် အီရတ်သို့ အမေရိကန် တပ်ဖွဲ့ဝင် ၂၀၀၀၀ ကျော် ထပ်မံစေလွှတ်ရေး အစီအစဉ်ပါဝင်မည်ဟု ခန့်မှန်းရသည်ဆို၏။

အီရတ်အခြေအနေကို ကိုင်တွယ်ရန်အတွက် သမ္မတဘုရှ် အနေဖြင့် တိကျပြတ်သားသော အစီအစဉ်မရှိဟု အမေရိကန်ပြည်သူ ၇၂ ရာခိုင်နှုန်းက ပြောဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ငွေပေါ်ကျွန်း ဗုဒ္ဓဒူတ ရွှေတဝဂူ သစ္စာအဓိဋ္ဌာန် ငါးရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၀

ဗုဒ္ဓအလိုတော်ကျ သာသနာပြန့် မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ သဲအင်းဂူဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီးများအား ကျေးဇူးပြု၊ ကျေးဇူးဆပ်သောအားဖြင့် တတိယအကြိမ်သာသနာပြန့် သစ္စာအဓိဋ္ဌာန် ဝိပဿနာကမ္မဋ္ဌာန်း တရားနာပွား အားထုတ်ပွဲကြီးကို ဇန်နဝါရီ ၁၈ရက်(ကြာသပတေးနေ့)မှ ၂၂ရက်(တနင်္လာနေ့)အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၇ရက်(ဗုဒ္ဓဟူးနေ့) အရောက်လာရောက်ကြရမည် ဖြစ်သည်။

ငွေပေါ်ကျွန်း ဗုဒ္ဓဒူတ ရွှေတဝဂူဝိပဿနာတရားတိုက် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် (၁)ရပ်ကွက် အနော်ရထာလမ်းမကြီး ဝေဘာဂီလမ်းမ (ရွှေတဝဂူ ဝိပဿနာတရားတိုက်) ဆက်သွယ်လိုပါက ဦးတင်ရီ မလွှကုန်းလမ်းအမှတ် ၁၈ကျောက်မြောင်း ဖုန်း– ၀၉–၅၁ ၃၇၄၅၅၊ ဦးစန္ဒိမာ ဖုန်း– ၂၉၂၄၅၁ အောင်မင်္ဂလာဘုရား လယ်တီစံကျောင်း ပုဇွန်တောင်၊ ငွေဟိန်းမင်း ငွေပေါ်ကျွန်းကြွေးကင်းရန်ပြေအောင်ပေါင်းစုဘုရားဝင်း ဝေဘာဂီမြို့သစ် ဖုန်း–၀၉–၅၁ ၈၀၈၁၁ နှင့် ဦးအောင်သာငြိမ်း ၁၂/၁၁ရပ်ကွက် မေတ္တာလမ်းမ တောင်ဥက္ကလာပတို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

ငွေပဒေသာပင်လှူဒါန်း

ဖခင်ကြီး သီရိပုံချို ဦးခင်ညွန့် အားရည်စူး၍ မိခင်ကြီးဒေါ်ကြွယ်ကြွယ်ညွန့် (၈၇) နှစ်မြောက်မွေးနေ့တွင် သားသမီးများက ပစ္စည်းလေးပါး ပဒေသာပင်ကျပ် ၁၅၀၀၀၀ကို တိပိဋကဓမ္မရက္ခိတ အဖွဲ့ကြီးသို့လှူဒါန်းရာ အဖွဲ့အကျိုးတော်ဆောင် အတွင်းရေးမှူး သီရိသုဓမ္မဇောတိကဓဇ ဦးစိုးဟန်လင်းနှင့် ဗဟိုအကျိုးတော်ဆောင်များက အလှူရှင်များသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(က–ပ)

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ သတိပေးနှိုးဆော်ချက်ထုတ်ပြန်၍ အသိပေးကြေညာ

ရန်ကုန် ဇန်နဝါရီ ၁၀

မိမိတို့ပိုင်ဆိုင်သော ကိုယ်ပိုင်မော်တော်ယာဉ်၊ ကိုယ်ပိုင် စက်တပ်ရေယာဉ်တို့ဖြင့် ငှားရမ်းခ သို့မဟုတ် အကျိုးကျေးဇူးတစ်ခုခုကိုရယူ၍ ကုန်ပစ္စည်းများ၊ ခရီးသည်များသယ်ဆောင်ခြင်း၊ ပေးပို့ခြင်း၊ စီးလုံးငှားလိုက်ပါဆောင်ရွက်ခြင်း၊ ယာဉ်ပေါ်တွင် ကုန်ပစ္စည်းများတင်၍ ရောင်းချခြင်းစသည့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုပါက ၁၉၆၃ခုနှစ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဥပဒေပုဒ်မ–၃ အရ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၌ လုပ်ငန်းလိုင်စင်ရယူ လျှောက်ထားရမည် ဖြစ်သည်။

လိုင်စင်ရယူ

၁၉၆၃ခုနှစ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ စည်းကမ်းဥပဒေပုဒ်မ–၁၂ တွင် ပို့ဆောင်ရေးလုပ်ငန်း အမျိုးအစား ခွဲခြားသတ်မှတ်ခြင်းနှင့် ပတ်သက်၍ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း “က” လုပ်ငန်းလိုင်စင်၊ ခရီးသည်သယ်ယူပို့ဆောင်ရေး လုပ်ငန်း“ခ” လုပ်ငန်းလိုင်စင်၊ စီးလုံးငှားဖြင့် ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း “ဂ”လုပ်ငန်းလိုင်စင်၊ ပဋိညာဉ်အရ သယ်ယူပို့ဆောင်ရေးလုပ်ငန်း “ဃ”လုပ်ငန်း လိုင်စင်၊ ကိုယ်ပိုင်စီးပွားရေးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်း“င”လုပ်ငန်းလိုင်စင်ဟူ၍ လုပ်ငန်းလိုင်စင်ငါးမျိုးခွဲခြားသတ်မှတ်ထားသဖြင့် မိမိလုပ်ကိုင်ဆောင်ရွက်လိုသော လုပ်ငန်းအမျိုးအစားအလိုက် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနသို့ လုပ်ငန်းလိုင်စင်လျှောက်ထားရယူပြီးမှသာလျှင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

သို့ပါ၍ လုပ်ငန်းလိုင်စင်မရှိဘဲ ဖော်ပြပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

၂၀၀၆–၂၀၀၇ ခုနှစ် ပညာရေး စုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက်က ကျောက်တံတား မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ကျောက်တံတားမြို့နယ်အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းဘက် စုံ ဖွံ့ ဖြိုး ရေး လုပ်ငန်းများအတွက် အသုံးပြုရန် ငွေကျပ် ၁၂ သိန်း တန်ဖိုးရှိ ကွန်ပျူတာတစ်စုံကို CEO Mr. Reijo (Sweden) ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းနိုင်နှင့် ဒါရိုက်တာ ဒေါ်အေးအေးသိန်းတို့က မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်စန်းနုထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁–၁–၂၀၀၇ (ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀:၂၅	ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
၇:၀၅	ရတနာသုံးပါးတန်ခိုး တရားတော် (သီတဂူဆရာတော်) (အပိုင်း–၁)	၁၀:၃၀	တေးဂီတအစီအစဉ်
၈:၀၀	ယနေ့သိပ္ပံနှင့်နည်းပညာ	၁၀:၃၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၈:၁၅	ပြည်တွင်းသတင်းအကျဉ်း	၁၁:၀၀	ပြည်တွင်းသတင်းအကျဉ်း
၈:၂၅	စွမ်းအင်တို့ရဲ့ နှိုးစက် (ကခုန်ခြင်းနှင့်ဂီတ)	၁၁:၁၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အင်းသားဘဝ၊ အင်းသားအလှ)
၈:၄၀	တေးဂီတအစီအစဉ်	၁၁:၄၅	တေးဂီတအစီအစဉ်
၈:၄၅	ပြည်တွင်းအနုပညာရေးရာ	၁၁:၅၀	သွားမယ်၊ စားမယ် (Mr.Guitar SUKI HOUSE)
၉:၁၀	မိုးလေဝသခန့်မှန်းချက်	၁၂:၁၅	နိုင်ငံတကာ သတင်းအကျဉ်း
၉:၁၅	တစ်ကိုယ်ရေ ကျန်းမာသန့်ရှင်းရေး အစဉ်သုံးပေး ဆပ်ပြာမွှေး	၁၂:၂၀	ပြည်တွင်းမှာပင် ချုပ်လုပ်ထားခေတ်မီအသွင်ဆန်း သားရေအိတ်များ
၉:၂၅	တေးဂီတအစီအစဉ်	၁၂:၃၅	တေးဂီတအစီအစဉ်
၉:၃၀	Music Talk (ဂီတမှူး အကယ်ဒမီ ဦးခင်မောင်ကြီးနှင့် တွေ့ဆုံခြင်း) (အပိုင်း–၁)	၁၂:၄၀	အမြင့်သဘင်၏ ရုပ်သေးသမစဉ် (အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း)
၁၀:၂၀	နိုင်ငံတကာ သတင်းအကျဉ်း	၁:၀၀	MRTV -4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီ အထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သွားကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၀

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက် အကျိုးတော်ဆောင် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပခုက္ကူဆရာတော်ဘဒ္ဒန္တဝိစာရ၏ သြဝါဒကိုခံယူ၍ စိတ်ထားဖြူစင် ပါရမီရှင်အသင်းက ၂၀၀၆ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာတွင် ပခုက္ကူဒေသနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၊ရန်ကုန်တိုင်းအတွင်းရှိ ဟသ်ာတစာသင်တိုက်(ရွှေပြည်သာ)၊ ရွှေမင်းဝံဘုန်းတော်ကြီးသင်ပညာရေးကျောင်း (မင်္ဂလာဒုံ)၊ အောင်ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (လှိုင်သာယာ)၊ မှန်ကင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (သာကေတ)၊ တွံတေးမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့၌ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၆၁၄တို့ အား သွားကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

မော်ရင်ဟိုပြောင်းရွှေ့မည့်သတင်း မှန်ကန်မှုမရှိကြောင်း ပီတာကင်ယွန် ငြင်းဆို

စုစည်းတင်ပြသူ
မြင့်မောင်စိုး



ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၁၀

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသည် ယခုနှစ် နွေရာသီတွင် စတမ်းဖို့ဒ်ဘရစ်မှ ထွက်ခွာလိမ့်မည် ဆိုသောသတင်းများ ပေါ်ထွက်ခဲ့ခြင်းကို ချယ်လ်ဆီးအသင်း အမှုဆောင် အရာရှိ ပီတာကင်ယွန်က ငြင်းဆိုလိုက်သည်။

ဆက်ဆံရေး

မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းနှင့် ဆက်ဆံရေးပျက်ပြားနေမှုကြောင့် အသင်းမှ ထွက်ခွာနိုင်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

သို့ရာတွင် မိမိတို့ ချယ်လ်ဆီးအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းနောက်မှ ခြောက်မှတ်အလိုဖြင့် လိုက်နေရ၍ ယခုကဲ့သို့ သတင်းထွက်လာခြင်းမှာ အလွန်ရိုးနေသည့် သတင်းသာဖြစ်ကြောင်း ကင်ယွန်က ချိုင်းနားဒေးလီးသတင်းစာသို့ ပြောကြားလိုက်သည်။ အဆိုပါသတင်းမှာ အင်္ဂလန်တွင် ဟိုးလေးတကျော်ကျော် ဖြစ်နေကြောင်း၊ သို့ရာတွင် ယင်းသတင်းမှာ လုံးဝဥဿုံ မှန်ကန်မှု မရှိကြောင်း ၎င်းက ပြောကြားသည်။ မော်ရင်ဟိုမှာ ကြေးကြီးပေးဝယ်ထားရသော ရှက်ဗ်ချင်ကိုနှင့် မိုက်ကယ်ဘောလက်တို့ အကောင်းဆုံးခြေစွမ်းမပြနိုင်၍လည်း ဖိအားပေးခံနေရသည်။

သို့ရာတွင် မိမိတို့ချယ်လ်ဆီးအသင်းသည် ခြောက်မှတ်အကွာ မန်ယူနောက်မှ လိုက်နေရသော်လည်း ဒုတိယနေရာ၌ ရပ်တည်နိုင်ဆဲပင်ဖြစ်ကြောင်း၊ ယခုနှစ်ရာသီတွင် အတောင့်တင်းဆုံး အနေအထားအဖြစ် ရပ်တည်နေဆဲပင်ဖြစ်ကြောင်း၊ ချန်ပီယံလိဂ်တွင်လည်း အုပ်စုပထမရအောင် ကစားနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကားလင်းဖလားပြိုင်ပွဲတွင်လည်း အကြိုဗိုလ်လုပွဲသို့ တက်နိုင်ခဲ့ပြီဖြစ်ကြောင်း ပီတာကင်ယွန်က ပြောကြားသည်။ **(အင်တာနက်)**

အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင် မာဆေးသို့ ဆက်သွယ်ခြင်းမရှိဟုဆို

လန်ဒန် ဇန်နဝါရီ ၁၀

အင်္ဂလန်အသင်း နည်းပြဟောင်း ဆဗင်ဂိုရမ်အဲရစ်ဆင်သည် ပြင်သစ်အသင်း မာဆေးသို့ မန်နေဂျာ အလုပ်လုပ်ရန် ဆက်သွယ်ခဲ့သည်ဆိုသည်ကို ၎င်းက ငြင်းဆိုလိုက်သည်။

မာဆေးနည်းပြလုပ်ရန် ဆက်သွယ်ခဲ့ခြင်းမရှိဟုဆိုသော အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင်။ (ဓာတ်ပုံ-အင်တာနက်)

ဆွီဒင်နိုင်ငံသား အဲရစ်ဆင်သည် လာဇီယိုအသင်းနှင့် မာဆေးအသင်းတို့ ဒူဘိုင်းဖလားယှဉ်ပြိုင်ကစားသည့်ပွဲတွင် တက်ရောက်ခဲ့ရာမှ မာဆေးအသင်း၌ နည်းပြလုပ်ရန် ထင်ကြေးပေးခဲ့ကြခြင်း ဖြစ်သည်။

သို့သော်လည်း အဲရစ်ဆင်သည် ကမ္ဘာ့ဖလားပြီးနောက် အင်္ဂလန်အသင်း နည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ပြီး ဖြစ်သည်။ အဆိုပါထင်ကြေးပေးမှုများအားလုံးသည် ကောလာဟလများသာ ဖြစ်ကြောင်း၊ အသင်း သုံးသင်းနှင့် စေ့စပ်ဆွေးနွေးလျက်ရှိသော်လည်း မည်သည့် အသင်းနှင့် စာချုပ်မည်ဆိုသည်ကို မပြောနိုင်သေးကြောင်း၊ သို့သော်လည်း ယခုနှစ် ဆန်းပိုင်းတွင် ဆုံးဖြတ်ချက် တစ်ခုချနိုင်လိမ့်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

စာချုပ်သစ်ကိစ္စ ပြောကြားရန် ဘက်ခမ်းအား ရီးရဲမက်ဒရစ် တိုက်တွန်း

စာချုပ်သစ်ချုပ်ဆိုရေးကိစ္စ ဆုံးဖြတ်ရန် ခက်နေသော ဒေးဗစ်ဘက်ခမ်း။ (ဓာတ်ပုံ-အင်တာနက်)

မက်ဒရစ် ဇန်နဝါရီ ၁၀

ဒေးဗစ်ဘက်ခမ်းအား ၎င်း၏ အနာဂတ်အတွက် ဆုံးဖြတ်ချက်ချရန် အချိန်တန်ပြီဖြစ်ကြောင်း ရီးရဲမက်ဒရစ်အသင်း ညွှန်ကြားရေးမှူး ပတ်ဂျာမီဂျာတိုဗစ်က ပြောကြားလိုက်ကြောင်း အင်တာနက်တွင် ဇန်နဝါရီ၉ရက်က သတင်းဖော်ပြသည်။

စိတ်လှုပ်ရှား

အသက်(၃၁)နှစ်အရွယ်ရှိ ဒေးဗစ်ဘက်ခမ်းသည် ရီးရဲမက်ဒရစ်အသင်းနှင့် လက်ရှိစာချုပ်မှာ ဇွန်လတွင်ကုန်ဆုံးတော့မည်ဖြစ်၍ စိတ်လှုပ်ရှားနေကြောင်း၊ အခြားကလပ်များသို့ ပြောင်းရွှေ့လျှင်လည်း ပြောင်းရွှေ့နိုင်ကြောင်းကိစ္စများ ဆွေးနွေးသင့်ပြီဖြစ်ကြောင်း၊ ယင်းကိစ္စကို လာမည့်သီတင်းပတ်တွင် အပြီးအပြတ်ဆွေးနွေးရမည်ဖြစ်ကြောင်း မီဂျာတိုဗစ်က ပြောကြားသည်။ ဘက်ခမ်းသည် ယခုနှစ်ရာသီတွင် နည်းပြကာပယ်လို လက်ထက်၌ ပုံမှန်ပါဝင်ကစားခွင့်မရဘဲ ဖြစ်နေသည်။ သို့သော်လည်း ရီးရဲမက်ဒရစ်အသင်းက ဘက်ခမ်းအား အလိုရှိနေဆဲဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်းအနေဖြင့် ဘက်ခမ်းအား စာချုပ်သစ်ကိစ္စ ဆွေးနွေးရန် ကမ်းလှမ်းထားပြီဖြစ်သော်လည်း ၎င်းက အကြောင်းမပြန်ဘဲ ရှိသည်။ ဘက်ခမ်းအား ယခုအခါ အင်္ဂလန်၊ စပိန်၊ ပြင်သစ်၊ အီတလီနှင့် အမေရိကန် နိုင်ငံတို့ရှိ ကလပ်များက ကမ်းလှမ်းထားပြီ ဖြစ်ကြောင်းလည်း သိရသည်။ **(အင်တာနက်)**

ကားလင်းဖလား ကွာတားဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင် အာဆင်နယ်က လီဗာပူးကို ခြောက်ဂိုး-သုံးဂိုးဖြင့် နိုင်

လန်ဒန် ဇန်နဝါရီ ၁၀

ရေးသားတင်ပြသူ မောင်မောင်မြင့်ဆွေ

ကားလင်းဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လီဗာပူးနှင့် အာဆင်နယ်တို့သည် လီဗာပူး၏ အန်ဖီးလ်ကွင်း၌ ဇန်နဝါရီ ၉ရက်က ယှဉ်ပြိုင်ကစားရာ အာဆင်နယ်က ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်သည်။

လီဗာပူးနှင့်အာဆင်နယ်တို့ပွဲတွင် လီဗာပူးတိုက်စစ်မှူး ရော်ဘီဖောင်လာ (ဝဲ) ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘင်နီတက်ဇ်နှင့် အာစင်ဝင်းဂါးတို့ နှစ်ဦးစလုံး ပရီမီယာလိဂ်ဖလား ရယူရန် မလွယ်တော့သဖြင့် ကားလင်းဖလားရယူရေး အစွမ်းကုန်ကြိုးစားကာ ဗျူဟာခင်းကျင်းသွားခဲ့သည်။ ဘင်နီတက်ဇ်က လီဗာပူးအား ၄-၃-၃ ပုံစံဖြင့် ခင်းကျင်းခဲ့ပြီး အာစင်ဝင်းဂါးက အာဆင်နယ်ကို၄-၄-၂ ဖြင့် အထိုင်ချကစားစေခဲ့သည်။

လှုပ်ရှား

အိမ်ရှင် လီဗာပူးအသင်းက တိုက်စစ်တွင် ဘယ်လာမီ၊ ရော်ဘီဖောင်လာနှင့် ပီလ်တီရာတို့ကိုထားကာ ကွင်းလယ်တွင် ဂျရတ်၊ ဂွန်ဇာလက်ဇ်နှင့် ဝါနော့တို့ကို အထက်အောက် လှုပ်ရှားကစားစေခဲ့သည်။

ထို့အတူ အာဆင်နယ် တိုက်စစ်တွင် ဝါကော့ဒ်၊ ဂျီရီမိန်းနှင့် အလက်ဇန်ဒရီဆွန်တို့ကို ထားကာ တုံ့ပြန်ကစားခဲ့သည်။ အထနေးသော လီဗာပူးကို အာဆင်နယ်တို့က လျှင်လျှင်မြန်မြန် တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၂၇ မိနစ်တွင် အာဆင်နယ်တိုက်စစ်မှူးဂျီရီမိန်းက အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ လီဗာပူး၏ ချေပဂိုးကို ပွဲချိန် ၃၃မိနစ်၌ တိုက်စစ်မှူးဖောင်လာက သွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေပွဲ ဖြစ်နေခဲ့သည်။

ဘာတစ်စတာ လေးဂိုးသွင်း

ထို့နောက် အာဆင်နယ်တို့က ဆက်တိုက်ဖိကစားခဲ့ရာ မိနစ် ၄၀တွင် ဘာတစ်စတာက တစ်ဂိုး၊ ၄၅မိနစ်တွင် အလက်ဇန်ဒရီဆွန်က တစ်ဂိုး၊ ၄၆မိနစ်တွင် ဘာတစ်စတာက တစ်ဂိုး၊ ပွဲချိန်မိနစ် ၆၀တွင်လည်း ဘာတစ်စတာကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့ပြီး ပွဲချိန်၈၄မိနစ်၌ ဘာတစ်စတာက သူ၏ စတုတ္ထဂိုးကို သွင်းယူလိုက်ရာ ဘာတစ်စတာ တစ်ဦးတည်း လေးဂိုးသွင်းနိုင်ခဲ့သည့် စံချိန်တင်နိုင်ခဲ့သည်။ လီဗာပူးအတွက် တတိယမြောက် ချေပဂိုးကို ပွဲချိန်မိနစ်၈၀၌ ဟစ်ပီယာက သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းသည် အာဆင်နယ်ဘက်သို့ ၁၈ ကြိမ် ထိုးဖောက် ကစားကာ အပိုင်ကန်သွင်းခွင့် ၁၀ ကြိမ် ရရှိခဲ့သော်လည်း သုံးဂိုးသာသွင်းယူနိုင်ခဲ့သဖြင့် ကားလင်းဖလားနှင့်လွဲခဲ့ရပြီဖြစ်သည်။ အာဆင်နယ်က အပိုင်ဂိုးသွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့ရာ ခြောက်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ကားလင်းဖလားပိုင်ဆိုင်ရန် လက်တစ်ကမ်းအလိုသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အက်ဖ်အေဖလား လက်ကျန်ပွဲများ ယှဉ်ပြိုင် ရက်ဒင်းနှင့် ဘားနက်အသင်းတို့ နိုင်ပွဲများရရှိ

လန်ဒန် ဇန်နဝါရီ ၁၀

အက်ဖ်အေဖလား တတိယဆင့် လက်ကျန်ပွဲစဉ်များကို ဇန်နဝါရီ ၉ရက်က ဆက်လက်ကစားရာ ရက်ဒင်းနှင့် ဘန်လေတို့ပွဲတွင် ရက်ဒင်းက အနိုင်ရရှိပြီး ဘားနက်နှင့် ကိုလ်ချီစတာတို့ပွဲတွင် ဘားနက်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရက်ဒင်းနှင့် ဘန်လေ

ပရီမီယာလိဂ်၌ ခြေစွာနေသော ရက်ဒင်းတို့ ဘန်လေကို အိမ်ကွင်း၌ အနိုင်ကစားနိုင်ခဲ့သည်။ လီတာနှင့် ရှိန်းလွန်းတို့ ဦးဆောင်သော ရက်ဒင်းသည် အိမ်ကွင်း၌ ပွဲစသည်နှင့် တိုက်စစ်ဖွင့် ကစားခဲ့သည်။ ကွင်းလယ်မှ အော့စတာ၊ ကီယွန်နှင့် ကွန်ဗေတို့က တိုက်စစ်ကို ပံ့ပိုးပေးနိုင်ခဲ့မှုကြောင့် ပွဲချိန် ၂၇မိနစ်တွင် ရက်ဒင်းတိုက်စစ်မှူးလီတာက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဦးဆောင်

ရက်ဒင်းတို့ ဆက်တိုက်ထိုးဖောက် ကစားခဲ့ရာ ပွဲချိန် ၃၇မိနစ်၌ ရှိန်းလွန်းက တစ်ဂိုး၊ ပွဲချိန် ၅၅မိနစ်၌ ဆမ်ဆောင်ဂျေက တစ်ဂိုးသွင်းယူခဲ့သဖြင့် ရက်ဒင်းတို့ သုံးဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

အနိုင်ရ

ဘန်လေအသင်းသည် ချေပဂိုးရရှိရေးအတွက် တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၆၉မိနစ်တွင် တိုက်စစ်မှူး အကင်ဘီယီက တစ်ဂိုးနှင့် မိနစ် ၉၀တွင် ဘန်လေကွင်းလယ်ကစားသမား အိုကွန်နာက တစ်ဂိုးသွင်းယူခဲ့၍ ချေပဂိုး နှစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ရက်ဒင်းသည် ဂိုးသွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့ရာမှ သုံးဂိုးသွင်းယူနိုင်ခဲ့သဖြင့် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဘားနက်နှင့် ကိုလ်ချီစတာ

ရှုံးပွဲများနှင့်သာ ကြုံတွေ့နေရသော ကိုလ်ချီစတာတို့ ဘားနက်ကို အဖွင့်ဂိုးဦးစွာ သွင်းယူနိုင်ခဲ့သော်လည်း အနိုင်ဂိုးများ ထပ်မံမသွင်းနိုင်သဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

ကိုလ်ချီစတာအတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၅မိနစ်၌ တိုက်စစ်မှူး ကူရီတန်က သွင်းယူပေးခဲ့သော်လည်း ဘားနက်နောက်ခံလူ အစ်မေးယာကူဘူက ၆၂ မိနစ်တွင် ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်နေသည်။ ဘားနက်၏ အနိုင်ဂိုးကို ပွဲချိန်မိနစ်၈၀၌ ကွင်းလယ်ကစားသမား ပွန်ချွန်က သွင်းယူပေးခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် ဘားနက်တို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ရက်ဒင်းနှင့်ဘန်လေတို့ပွဲတွင် ရက်ဒင်းအသင်းမှ ရှိန်းလွန်း (ဝဲ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

အိုးထရက်ဖို့ဒ်၌ ဗီလာကို မန်ယူတို့ ဂိုးပြတ်သွင်းနိုင်ပါမည်လော ချယ်လ်ဆီးကိုခံကစားမည့် ဝီဂန်တို့၏ ပရီမီယာလိဂ်ပွဲစဉ်(၂၃)

ရန်ကုန် ဇန်နဝါရီ ၁၀

မန်ယူက ချန်ပီယံချယ်လ်ဆီးကို ခြောက်မှတ်အကွာဖြင့်ဖြတ်ကာ ၂၀၀၇ ခုနှစ်ကို ချင်းနင်းဝင်ရောက်ခဲ့လေပြီ။ ပွဲတူခြောက်မှတ်ကွာ နောက်မှလိုက်နေရသော ချယ်လ်ဆီးတို့ မန်ယူကို ကျော်ဖြတ်ရေး အားသွန်ခွန်စိုက် ကြိုးစားနေသော်လည်း သရေပွဲများနှင့် ကြုံတွေ့နေသဖြင့် နည်းပြ မော်ရင်ဟို ကြိတ်မနိုင် ခဲမရဖြစ်လျက်ရှိနေသည်။

သို့သော် ခြောက်မှတ်ဟူသော ကွာဟချက်သည် အချိန်တိုအတွင်း ပြောင်းလဲသွားနိုင်သည်ဖြစ်ရာ မန်ယူတို့လည်း တက်ကုန်ရွက်ကုန်လွှင့်နေရလျက်ရှိသည်။ အမှားအယွင်းမခံတော့သည့် ပွဲစဉ်များချည်းသာဖြစ်နေရာ ပွဲတိုင်းအနိုင်ရရေးကိုသာ အပြင်းအထန်ကြိုးစားနေကြသဖြင့် ပရီမီယာလိဂ်သည် ပရိသတ်အာရုံကို လွှမ်းမိုးဖမ်းစားနိုင်ဆဲပင်ဖြစ်နေသည်။

ပွဲစဉ်(၂၃)ကို ဇန်နဝါရီ ၁၃ ရက်၌ ကစားကြမည်ဖြစ်ရာ မန်ယူက ဗီလာနှင့် အိုးထရက်ဖို့ဒ်၌ ဆုံတွေ့ရမည်ဖြစ်သကဲ့သို့ ချယ်လ်ဆီးက ဝီဂန်နှင့် အိမ်ကွင်း၌ ကစားရမည်ဖြစ်ရာ အသင်းကြီးများ နိုင်ပွဲရရန် ရာနှုန်းများလျက်ရှိနေသည်။

မန်ယူတိုက်စစ်မှူးအသစ် လာဆင်။

မန်ယူနှင့်ဗီလာ

အက်ဖ်အေဖလားပွဲ၌ ပူပူနွေးနွေးဆုံတွေ့ခဲ့ရပြီး ပရီမီယာလိဂ်၌ ထပ်မံဆုံတွေ့ရခြင်းက မန်ယူနှင့် ဗီလာတို့အတွက် ထူးခြားချက်ပင်ဖြစ်သည်။ နိုင်ပွဲဆက်တိုက်ရယူမည့် မန်ယူသည် တိုက်စစ်မှူးအသစ် လာဆင်လည်း ရောက်ရှိကစားနေပြီဖြစ်ရာ မန်ယူ တိုက်စစ်တွင် လာဆင်၊ ရွန်နေ၊ ဆာဟာ၊ စီရိုနယ်ဒိုနှင့် ဆိုးလ်ရှားတို့ဖြင့် တောင့်တင်းနေပြီဖြစ်သည်။

ဗီလာနည်းပြ မာတင်အိုနေးလ်လည်း မန်ယူကိုရင်ဆိုင်ရန် အကောင်းဆုံး ဗျူဟာအခင်းအကျင်းဖြင့် အိုးထရက်ဖို့ဒ်သို့ ရောက်ရှိလာမည်ဖြစ်ရာ ပွဲကောင်းပင်ဖြစ်သည်။ သို့သော် အဝေးကွင်း၌ သရေပွဲများနေသော ဗီလာသည် လက်ရှိခြေစွမ်းဖြင့် မန်ယူကို မယှဉ်နိုင်ချေ။ လက်ရှိအခြေအနေ၌ မန်ယူ၏ခြေစွမ်းသည် အထက်မြက်ဆုံးဖြစ်နေရာ မန်ယူတိုက်စစ်မှူးများ၏ ထိုးဖောက်ကစားမှုကို ဗီလာခံစစ်မှူးများဖြစ်သည့် ဘာရီ၊ ကာဟေးလ်၊ မယ်လ်ဘတ်၊ အိုဘောနေးတို့ ဟန့်တားနိုင်မည်မဟုတ်ချေ။ ဗီလာနည်းပြ မာတင်အိုနေးလ်သည် ၅-၃-၂ ပုံစံဖြင့် မန်ယူကို ရင်ဆိုင်မည်ဖြစ်ရာ ဗီလာတို့ အမြင့်ဆုံးမျှော်မှန်းနိုင်သည်က သရေပွဲပင်ဖြစ်သည်။ မန်ယူတို့နိုင်ပွဲဆက်မည့် ပွဲပင်ဖြစ်သည်။

သုံးသပ်တင်ပြသူ - မောင်ချစ်ကြည်

ချယ်လ်ဆီးနှင့် ဝီဂန်

ယမန်နှစ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ချယ်လ်ဆီးတို့ ယခုပွဲ အကြိတ်အနယ်နွှဲရမည့် အနေအထားရှိသည်။ တန်းဆင်းဇုန်နား ကပ်နေသော ဝီဂန်တို့နိုင်ပွဲရအောင် ချယ်လ်ဆီးကို ခံကစားမည်ဖြစ်ရာ မော်ရင်ဟို လူစုံမထုတ်လျှင် နောင်တ ရသွားနိုင်စရာရှိသည်။

ဂိုးသမား ပီတာချက်နှင့် နောက်တန်းခံစစ်မှူး ဂျွန်တယ်ရီတို့ ဒဏ်ရာများရရှိနေကြသဖြင့် ချယ်လ်ဆီး နောက်တန်း အားနည်းချက်ဖြစ်ပေါ်လျက်ရှိရာ ဝီဂန်ကို ဖိဖိစီးစီးကစားမှ တန်ကာကျမည်ဖြစ်သည်။ ဝီဂန်နည်းပြ ပေါ်ဂျူးဝဲလ်က အကောင်းဆုံးဗျူဟာဖြင့် ခင်းကျင်းမည်ဖြစ်ရာ ချယ်လ်ဆီးတို့ သတိထားကစားမှုဖြစ်မည်။ ဝီဂန်သည် ခြေစွမ်းပြတတ်သည့် အသင်းဖြစ်ရာ တန်းဆင်းဇုန်အတွင်း မရောက်ရေးအတွက် ချယ်လ်ဆီးကို သရေပွဲရရေး ဦးတည်ချက်ဖြင့် ကစားမည်ဖြစ်သည်။ ချယ်လ်ဆီးတို့အနိုင်ရရန် ရာနှုန်းများသည်။

ဘလက်ဘန်းနှင့် အာဆင်နယ်

ယမန်နှစ်က တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သည့် ရှုံးကြွေးကို အာဆင်နယ်တို့ ပြန်ဆပ်ရန် အခွင့်အရေးကြုံပြီဖြစ်သည်။ အာဆင်နယ်တွင် အွန်နရီလည်း ပြန်ကစားနိုင်နေ၍ တိုက်စစ် ရှင်သန်ထက်မြက်လာလျက်ရှိသည်။ အာစင်ဝင်းဂါးအနေဖြင့် ၄-၄-၂ ပုံစံဖြင့်သာ ခင်းကျင်းမည်ဖြစ်ရာ ဗန်ပါစီ၊ အဒီဘာယောနှင့် အွန်နရီတို့အားကိုးဖြင့် အနိုင်ရအောင် ကစားမည်သာဖြစ်သည်။

သို့သော် ဘလက်ဘန်းတွင် မက်ကာသေးနှင့် နွန်ဒါတို့က လျင်လျင်မြန်မြန် ထိုးဖောက်ကစားတတ်ကြပြီး ဂိုးလည်း သွင်းနိုင်ကြသူများဖြစ်ရာ အာဆင်နယ်ခံစစ်မှူးဖြစ်သည့် တိုရေး၊ အီဘူး၊ ဂျိုဟန်တို့ ဟန့်တားရ ခက်ခဲမည်ဖြစ်သည်။ ဘလက်ဘန်း ကွင်းလယ်မှ အီမာတန်၊ ပီဒါဆင်၊ ဆာဗာဂီ၊ ဘင့်လေတို့က အာဆင်နယ်ကွင်းလယ်မှ ဆေးလ်ဗား၊ ဖာဖရီဂတ်စ်နှင့် ယွန်းဘတ်တို့ထက် ကစားအားကောင်းကြသူများဖြစ်သည်။

ဘလက်ဘန်းနည်းပြ မက်ဟူးချ်က ယခုပွဲအနိုင်ကစားမည်ဟု ဆိုထားရာ အပြောနှင့် လက်တွေ့ ကိုက်မကိုက်

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ။

စောင့်ကြည့်ရမည်ဖြစ်သည်။ နိုင်ပွဲရနိုင်သူက အာဆင်နယ်တို့ပင် ဖြစ်သည်။

ဝက်ဖို့ဒ်နှင့် လီဗာပူး

တန်းစီဇယားအောက်ဆုံးမှ ဝက်ဖို့ဒ်ကို လီဗာပူးတို့ အနိုင်ကစားပါလိမ့်မည်။ လီဗာပူး အဝေးကွင်းရလဒ်မှာ အားရဖွယ်မရှိဖြစ်ရာ ဝက်ဖို့ဒ်ကိုပင် ကြိုးစားကစားရမည့် အနေအထားဖြစ်သည်။ အဝေးကွင်းရလဒ်ကောင်းရန် ဖိအားပေးခံနေရသော လီဗာပူးနည်းပြ ဘင်နီတက်ဇ်လည်း တိုက်စစ်မှူး ပီတာခရော့ချ်၊ ကွင်းလယ်ကစားသမား ဂျရတ်တို့ ခြေမပေါ်သဖြင့် အကျပ်အတည်းနှင့် ကြုံတွေ့နေရသည်။

သို့သော်လည်း ပွဲ ၂၀ ကစားပြီးချိန်အထိ တစ်ပွဲသာအနိုင်ရထားသေးသော ဝက်ဖို့ဒ်ကို လီဗာပူးတို့ အနိုင်ကစားမှာ သေချာသည်။ ဝက်ဖို့ဒ်တွင် တိုက်စစ်မှူး တိုမီစမစ်နှင့် အက်ရှလေယောင်တို့က ဂိုးသွင်းခြေပျောက်လျက်ရှိရာ လီဗာပူးတို့ ဖိဖိစီးစီးကစားပါက ဂိုးပြတ်အနိုင်ရမည့်ပွဲပင် ဖြစ်သည်။

ဘော်လ်တန်နှင့် မန်စီးတီး

ယမန်နှစ်က နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ရသည့် အကြွေးကို မန်စီးတီးတို့ ပြန်ဆပ်ရန် မလွယ်ချေ။ ဘော်လ်တန်နည်းပြ ဆမ်အလာဒိုက်၏ စွမ်းဆောင်ရည်ကြောင့် ဘော်လ်တန်တို့ ခြေစွမ်းပြကစားနိုင်လျက်ရှိရာ အိမ်ကွင်းရလဒ်ကောင်းအောင် ကစားနိုင်သည့် ဘော်လ်တန် တိုက်စစ်မှူး အနယ်ကာနှင့် ကစားအားကောင်းသည့် ကမ်ပိုတို့အား မန်စီးတီးတို့ ကြိုးစားဟန့်တားရပေလိမ့်မည်။

သို့သော် မန်စီးတီးတိုက်စစ်မှူး ဗက်ဆဲလ်၊ ဆာမာရက်စ်နှင့် ကော်ရာဒီတို့က တစ်ဖက်နောက်တန်းကို ရအောင် ထိုးဖောက်ကစားကြမည်ဖြစ်ရာ ဘော်လ်တန်တို့ သတိထားရမည်ဖြစ်သည်။

အသင်းလိုက် ကစားအားကောင်းသော ဘော်လ်တန်တို့ ယခုပွဲအနိုင်နှင့် သရေပွဲပင်ဖြစ်သည်။ မန်စီးတီးနည်းပြ စတီးဝပ်ပီးယားကလည်း ယခုပွဲ သရေနှင့် အနိုင်ရအောင်ကစားမည်ဟု ဆိုထားရာ လက်တွေ့၌ မလွယ်ပါချေ။ ဘော်လ်တန်တို့ နိုင်ပွဲပင်ဖြစ်သည်။

ချာလ်တန်နှင့် မစ်ဒယ်ဘရော့

အဝေးကွင်း နိုင်ပွဲမရသေးသည့် မစ်ဒယ်ဘရော့တို့ ချာလ်တန်ကို နိုင်ပွဲရအောင် ကစားမည်ဖြစ်သည်။ ခြေပျက်နေသော ချာလ်တန်တို့ တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်အောင် ကြိုးစားနေရလျက်ရှိရာ ချာလ်တန်နည်းပြသစ် အလန်ပါဂျူးလက်ထက်တွင် မည်သည့် ရလဒ်များ ထွက်ပေါ်လာမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ချာလ်တန်ခံစစ်တွင် ဒီရာဝါရာ၊ ကာကောရီ၊ ဆန်ကိုဖာနှင့် တောရေးတို့က အမှားအယွင်းများ ပြုလုပ်တတ်ကြသည်ဖြစ်ရာ မစ်ဒယ်ဘရော့ တိုက်စစ်မှူးများဖြစ်သည့် ယာကူဘူ၊ ပိုဂါတက်စ်နှင့် ဒေးဗစ်တို့ကို ဟန့်တားနိုင်ရန် မလွယ်ချေ။ မစ်ဒယ်ဘရော့တို့ ယမန်နှစ်က နှစ်ဂိုး-တစ်ဂိုးဖြင့်ရှုံးခဲ့သော အကြွေးကို ပြန်ဆပ်မည့်ပွဲပင်ဖြစ်သည်။

အဲဗာတန်နှင့် ရက်ဒင်း

ရက်ဒင်းကို အဲဗာတန်တို့ ခြေကုန်ထုတ်ကစားရမည်ဖြစ်သည်။ တန်းတက်ရက်ဒင်းသည် ခြေစွာလွန်းသည်ဖြစ်ရာ အဲဗာတန်တို့ အိမ်ကွင်းဖြစ်သော်လည်း ခက်ခက်ခဲခဲကျော်ဖြတ်ရဖွယ်ရှိနေသည်။ ရက်ဒင်းတိုက်စစ်မှူး ဒွိုင်လီ၊ ဂန်နာဆင်၊ ဟန့်တို့က ဂိုးသွင်းကောင်းကြသူများဖြစ်သလို အဲဗာတန်တွင် အော့စမန်၊ ဂျွန်ဆင်တို့ကလည်း တစ်ဖက်အသင်း နောက်တန်းကို အချိန်ပြည့်ခြိမ်းခြောက်နိုင်ကာ ဂိုးလည်းသွင်းနိုင်ကြသည်။

အဲဗာတန်တွင် ဘီတီ၊ မက်ဖာဒန်၊ မေဒီတို့အုပ်စု အကုန်ကစားနိုင်လျှင် ရက်ဒင်းတို့ မလွယ်ချေ။ အဲဗာတန်က အိမ်ကွင်း၌ ဖိဖိစီးစီး ကစားလျှင် အနိုင်ရသွားနိုင်ဖွယ်ရှိသည်။ သို့သော် အဖြစ်နိုင်ဆုံးရလဒ်က သရေပွဲသာဖြစ်သည်။

ရက်ဖီးနှင့် ပို့စ်မောက်

တေလာ၊ မင်ဒက်ဇ်၊ ကနူးနှင့် လွာလွာတို့ခြေပေါ်လျှင် ရက်ဖီးကို ဂိုးပြတ်သွင်း အနိုင်ရမည့်ပွဲပင် ဖြစ်သည်။ ရက်ဖီးသည် တန်းဆင်းဇုန်မှ ရုန်းထွက်နေရဆဲအသင်းဖြစ်ရာ ပို့စ်မောက်ကို ခြေရည်တူကစားနိုင်ရန်ပင် ကြိုးစားရမည်ဖြစ်သည်။ ပို့စ်မောက်နည်းပြ ဘယ်ရီရက်နက်က သုံးမှတ်အပြည့်ယူမည့်ပွဲဟု ကြုံးဝါးထားရာ ရက်ဖီးတို့ ခံစစ်လုံအောင်သာ ပြင်ဆင်ဖို့ ရှိတော့သည်။

ပို့စ်မောက်သည် အဝေးကွင်းရလဒ်မကောင်းသော်လည်း ခြေစွမ်းမတည်ငြိမ်သောရက်ဖီးကို အနိုင်ယူပြီး တန်းစီဇယား ပဉ္စမနေရာကို ခိုင်မြဲအောင် ရပ်တည်မည့်ပွဲပင် ဖြစ်သည်။

စပါးနှင့် နယူးကာဆယ်

နယူးကာဆယ်တို့ ယမန်နှစ်က နှစ်ဂိုးပြတ်ရှုံးခဲ့သည့်အကြွေးကို ယခုနှစ်ပွဲ၌ ပြန်ဆပ်ရန်မလွယ်ချေ။ နယူးကာဆယ်နည်းပြ ဂလင်းရိုဒါ၏ နည်းဗျူဟာ ပုံသေကစားမှုနှင့် တိုက်စစ်မှူးများ၏ ဂိုးသွင်းစွမ်းရည်ကျဆင်းနေမှုများကြောင့် ယခုပွဲရလဒ်၌ မကောင်းနိုင်ချေ။

စပါးတွင် ရော်ဘီကိန်း၊ ဘာဘာတော့စ်၊ ဇိုကိုရာနှင့် လီနွန်တို့က နားလည်မှုရှိရှိ ထိုးဖောက်ကစားတတ်ကြပြီး တစ်ဖက်ခံစစ်ကြောင်းကို ရအောင် ကျော်ဖြတ်ဂိုးသွင်းနိုင်ကြသူများဖြစ်ရာ စပါးတို့နိုင်ပွဲပင်ဖြစ်သည်။

ဝက်စ်ဟမ်းနှင့် ဖူလ်ဟမ်

ပွဲစဉ်(၂၂)၌ ရက်ဒင်းက ဝက်စ်ဟမ်းကို ဂိုးဒါဇင်ဝက်သွင်းခဲ့ရာ ဝက်စ်ဟမ်းနည်းပြသစ်အလန်ကာဘစ်ရှ်လေလည်း မျက်နှာပျက်စရာဖြစ်ခဲ့ရသည်။ ဝက်စ်ဟမ်းတို့ မနှစ်က ဖူလ်ဟမ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ရလဒ်အတိုင်း ပြန်ရရန် လက်ရှိခြေစွမ်းအရ ခဲယဉ်းဖွယ်ရှိနေသည်။

ဝက်စ်ဟမ်းနည်းပြသစ် အလန်ကာဘစ်ရှ်လေ၏ ၅-၃-၂ ပုံစံနှင့် အံဝင်ခွင်ကျမှုမရှိသော ဝက်စ်ဟမ်းတိုက်စစ်မှူး ဇာမိုရာ၊ ဟာရီဝုဒ်နှင့် လီဘောင်ယာတို့ သွင်းဂိုးရရှိရေး ခက်ခဲနေဦးမည်သာဖြစ်သည်။ သို့သော် ဝက်စ်ဟမ်းတို့က အိမ်ကွင်း၌ ခြေစွမ်းပြတတ်သည်ဖြစ်ရာ ဖူလ်ဟမ်ကို အနိမ့်ဆုံး သရေပွဲဖြစ်အောင် ကစားမည်သာဖြစ်သည်။

ဖူလ်ဟမ်တိုက်စစ်မှူးများဖြစ်သည့် ကောလင်းဂျွန်၊ ဟဲလ်ဂူဆင်နှင့်မောတေးတို့က အဝေးကွင်း၌ ဂိုးသွင်းခြေပျောက်နေတတ်ရာ ယခုပွဲ၏ အဖြစ်နိုင်ဆုံးရလဒ်မှာ သရေပွဲပင်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အင်းစိန်ရွာမ အနောက်ရပ်ကွက် စာပေဝါသနာရှင်များက ကြီးမှူး၍ စတုတ္ထအကြိမ်မြောက် ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲ၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းပြိုင်ပွဲ၊ စာပေဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၃ ရက် ညက ဘုရင့်နောင်လမ်းမပေါ်၌ ကျင်းပရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်ကျော်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(က-ပ)

သဃ်န်းကျွန်းမြို့နယ် ဈ/တောင်ရပ်ကွက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသောအသင်းအား ရပ်ကွက်ဥက္ကဋ္ဌ ဦးမြတ်ကျော်က တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုချီးမြှင့်စဉ်။

(က-ပ)

မကွေးတိုင်းအတွင်းရှိ သမဝါယမလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၁၀

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၆ရက် နံနက်ပိုင်းတွင် မကွေးတိုင်း နတ်မောက်မြို့နယ် ရွှေသက်တံ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ ကြက်သွန်စိုက်ခင်းဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် မကွေးတိုင်း အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းစု၏ တစ်နေ့ ကုန်ကြမ်းတန်(၃၀)ကျ ဆီစက် လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးနှင့် အဖွဲ့သည် ဇန်နဝါရီ ၇ရက်တွင် မကွေးတိုင်းမှ တာဝန်ရှိသူများလိုက်ပါလျက် ရေနံချောင်းမြို့နယ် နောင်ရိုးစက်မှုလက်မှု ဝန်ဆောင် သမဝါယမအသင်းရုံးခန်း၌ အသင်းသားများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

သုံးစွဲသူအကြိုက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးအား အသင်းအုပ်ချုပ်မှုဒါရိုက်တာက အသင်း၏ သမိုင်းကြောင်းနှင့် လက်ရှိလုပ်ငန်း အခြေအနေများကိုတင်ပြရာ ဝန်ကြီးက နှစ်ပေါင်းများစွာ ခိုင်မာစွာ တည်ရှိခဲ့သော အသင်းကြီးဖြစ်၍ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စက်ပစ္စည်းများ၏ နည်းပညာ အရည်အသွေးသည်လည်း ခေတ်နှင့် အညီဖြစ်ရန်လိုကြောင်း၊ ထုတ်လုပ်သော ပစ္စည်းများသည် သုံးစွဲသူအကြိုက် ထုတ်လုပ်ရန်လိုကြောင်း အကျယ်တဝင့် မှာကြားပြီး သံရည်ကျိုလုပ်ငန်း၊ ပုံလောင်းလုပ်ငန်းနှင့် တွင်ခုံလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးတိုင်း ညောင်ဦးမြို့ ယွန်းပညာကောလိပ်၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ ယွန်းပညာ အရည်တည်တံ့ရေး၊ လက်ဆင့်ကမ်းပညာ အမွေပေးနိုင်ရေး၊ ယွန်းပညာအရည်အသွေး တိုးတက်ရေးအတွက် ခေတ်မီနည်းပညာများဖြင့် ကြိုးစားဆောင်ရွက်ရေး၊ ကျွမ်းကျင်ထက်မြက်သည့် တပည့်များမွေးထုတ်ရေး မှာကြားပြီး ယွန်းပစ္စည်းအရောင်းခန်းမနှင့် ယွန်းပြတိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် ညောင်ဦးမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု၏ ပုဂံဟိုတယ်နှင့် အနော်ရထာဆီစက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် မကွေးတိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု၏ တစ်နေ့ကုန်ကြမ်း တန်(၃၀)ကျ ဆီစက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သမဝါယမ)

လမ်း၊ တံတားများ အချိန်မီပြီးစီးရေးတည်ဆောက် ရေရှည်တည်တံ့ခိုင်မြဲအောင် ကြပ်မတ်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ဆောင်ရွက်နေမှု (ဝဲပုံ) **များကို သွားရောက်စစ်ဆေးရာ ငါးဘတ်ကုန်းရှင်းလင်းဆောင်၌ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးတို့က လမ်းနှင့်တံတားတည်ဆောက်ပြီးစီးမှု၊ စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မြေပုံကားချပ်များနှင့် ရှင်းလင်းတင်ပြကြသည်။**

လှည့်လည်ကြည့်ရှု

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ဝင်များသည် ပေါင်းတည်မြို့ မိုင်တိုင် ၁၂၉/၀ အနီးနှင့် နတ်တလင်းမြို့နယ် မိုင်တိုင် ၁၂၂/၀ အနီးရှိ ကျောက်ချောလမ်းခင်းနေမှုနှင့် မင်းဘူးချောင်း တံတားတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ဘော်ဘင်ချောင်းကူးတံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ စီမံကိန်း တည်ဆောက်ရေး အင်ဂျင်နီယာများက တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် တင်ပြသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ဘော်ဘင်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် မွန်းလွဲပိုင်းတွင် ကြို့ပင်ကောက်မြို့နယ် မိုင်တိုင် ၁၀၆/၀ အနီးရှိ ကျောက်ချောလမ်းနှင့် မြို့လည်ချောင်းတံတား တည်ဆောက်နေမှုအခြေအနေ၊ မင်းလှမြို့နယ် မုက္ခာချောင်းတံတား တည်ဆောက်နေမှု မိုင်တိုင် ၇၇/၀ အနီး ကျောက်ချောလမ်းခင်းကျင်းနေမှုနှင့် လက်ပံတန်းမြို့နယ် မိုင်တိုင် ၆၅/၀ အနီး ကျောက်ချောခင်းခြင်း ဆောင်ရွက်နေမှုနှင့် သာယာဝတီမြို့နယ် သုံးဆယ်ချောင်းတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းနှင့်တံတား တည်ဆောက်နေမှုများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ အရည်အသွေးစံချိန်စံညွှန်းကိုက်ညီရေး၊ အလေအလွင့်ထိန်းသိမ်းရေး၊ လမ်းဘေးရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆောင်ရွက်ပြီးစီး

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့၏ ခရိုင်ချင်းဆက်လမ်းအမှတ်(၁)သည် ပေါက်ခေါင်းမြို့နယ် ပွိုင့် ၈၈၇ တောင်ကုန်းမှစတင်၍ ပေါင်းတည်မြို့နယ်၊ နတ်တလင်းမြို့နယ်၊ ဇီးကုန်းမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်၊ အုတ်ဖိုမြို့နယ်၊ မင်းလှမြို့နယ်နှင့် လက်ပံတန်းမြို့နယ်များကို ဖြတ်သန်းကာ သာယာဝတီမြို့နယ် ဇကာကုန်းကျေးရွာ အထိ ဆောင်ရွက်ရမည့် စုစုပေါင်းမိုင်အရှည်မှာ ၁၂၆ မိုင် ၆ ဖာလုံရှိပြီး ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ပြီးစီးမှုမှာ မြေသားလမ်း ၁၂၆မိုင် ၆ဖာလုံနှင့် ကျောက်ချောလမ်း ၆၅မိုင် ဆောင်ရွက်ပြီးစီးခဲ့ရာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်း ၆၁မိုင် ၃ဖာလုံ ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒေဝင်အုပ်စုကုမ္ပဏီလီမိတက်က တာဝန်ယူဆောက်လုပ်နေသောဟိုတယ် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စီမံကိန်း ဒါရိုက်တာ ဦးဝဏ္ဏနိုင်က တည်ဆောက်လျက်ရှိသော ဟိုတယ်အဆောက်အအုံ အခြေအနေများကို ရှင်းလင်းသည်။ ယင်းနောက် ဝန်ကြီးသည် စီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မင်းဇာနည်ကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်လျက်ရှိသော Asia Villa Resort တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်း ဒါရိုက်တာ ဦးအောင်ကျော်သာက ဆောက်လုပ်လျက်ရှိသော အဆောက်အအုံ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဝန်ကြီးသည် သံတွဲလေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်အတွင်း နိုင်ငံခြားခရီးသည်များ လေကြောင်းခရီးဖြင့် ဝင်ထွက်နေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးကာ နိုင်ငံခြားသား ခရီးသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ငပလီကမ်းခြေဟိုတယ်၌ ကျင်းပသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဟိုတယ်လုပ်ငန်းရှင်များ ကြုံတွေ့နေရသော အခက်အခဲများကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းပြသ

ယင်းနောက် ဝန်ကြီးသည် ငပလီကမ်းခြေဟိုတယ်၌ တိုးချဲ့ဆောက်လုပ်လျက်ရှိသော အဆောက်အအုံ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးသည် ညနေပိုင်းတွင် Aureum Palace Resort သို့သွားရောက်၍ အခန်းများ ခင်းကျင်းပြင်ဆင်ထားရှိမှု၊ ဝန်ထမ်းများ ဝန်ဆောင်မှု ပေးနေမှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် Ruby Dragon Jade & Gems Co., Ltd. မှ တာဝန်ယူ ဆောက်လုပ်လျက်ရှိသော Jade Marina Resort သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် Thande Beach Hotel သို့သွားရောက်၍ အခန်းများ ပြင်ဆင် ဖွဲ့စည်းထားရှိမှု၊ ဝန်ဆောင်မှု ဆောင်ရွက်ပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်တုန်းအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်ရောက် ညောင်တုန်းသူ၊ ညောင်တုန်းသားများ၏ မိတ်ဆုံစားပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် (၆၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဇေဝတီတိုင်းမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ညောင်တုန်းသူ၊ ညောင်တုန်းသားများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌ အချိန်ပိုင်းသင်တန်းများဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်၌ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှစတင်၍ သင်္ဘောလုပ်ငန်း စီမံခန့်ခွဲမှု ဘွဲ့လွန် ဒီပလိုမာနှင့် ဆိပ်ကမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ အချိန်ပိုင်းသင်တန်းများ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိထားသူများ လျှောက်ထားနိုင်ပြီး လုပ်ငန်းခွင်နှင့် ဆက်စပ်မှုရှိသူများကို ဦးစားပေးမည်ဖြစ်ရာ သင်တန်းတစ်ခုအတွက် သင်တန်းသား၅၀စီ လက်ခံသင်ကြားမည်ဖြစ်သည်။

သင်တန်းပြီးဆုံးပါက Dip-S.M နှင့် Dip-P.M ဘွဲ့များ အပ်နှင်းမည်ဖြစ်ရာ ဝင်ခွင့်လျှောက်လွှာများကို ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား၍ ရန်ကုန်တိုင်း သန်လျင်မြို့နယ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် တင်သွင်းရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် ဖုန်း-၀၅၆-၂၂၁၈၀ လိုင်းခွဲ(၁၀၁)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် ၃၁ ၆၃ လမ်း ဗိုလ်တထောင်မြို့နယ်နေ ဦးအောင်သန်း-ဒေါ်ခင်မြိုင် သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ငွေပဒေသာပင်ကျပ်လေးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

ကျောဖုံးမှ

အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသန်းဇော်(ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးတင်ဟန်၊ အသင်းအတွင်းရေးမှူးအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြချုပ်အဖြစ် ဦးဆန်းဝင်း၊ လက်ထောက်နည်းပြအဖြစ် ဦးကြည်လွင်၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်၊ ဆေးမှူးအဖြစ် ဒေါက်တာအုပ်စိုးဦး၊ သူနာပြုအဖြစ် ဦးညွန့်လင်း၊ လုံခြုံရေးအရာရှိအဖြစ် ဦးအေးမောင်လေး၊ သတင်းပြန်ကြားရေးတာဝန်ခံအဖြစ် ဦးကြည်မင်းသိန်းတို့က တာဝန်ယူဆောင်ရွက်ကြမည် ဖြစ်သည်။

အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က တွေ့ဆုံမှာကြားသည့်အခမ်းအနားကို ဇန်နဝါရီ ၇ ရက် ညနေ ၃ နာရီခွဲက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အိုလံပစ်ဟိုတယ်-၂၌ ကျင်းပသည်။

မိတ်ဆက်ပေး

ရှေးဦးစွာ အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အဖွဲ့ဝင်များအား ဝန်ကြီးနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ထို့နောက်

ဒုတိယအကြိမ် ဂရင်းရှိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှ အားကစားသမားများ ဆုပေးပွဲအပြီး၌ ဤသို့အောင်ပွဲခံခဲ့ကြသည်။

အားကစားသမားများအဖြစ် **(ဂိုး)** အောင်အောင်ဦး၊ ကျော်ဇင်ထက်၊ ကိုကိုအောင်၊ **(နောက်တန်း)** ဇော်လင်းထွန်း၊ မင်းသူ၊ မိုးဝင်း၊ ခင်မောင်လွင်၊ အေးဆန်း၊ ဇော်ထက်အောင်၊ ကျော်ခိုင်ဝင်း၊ **(အလယ်တန်း)** အောင်မျိုးသန့်၊ အောင်မြင့်အေး၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ စိုးသီဟအောင်၊ ခင်မောင်ထွန်း၊ ကျော်သီဟ၊ စိုးမြတ်မင်း၊ **(ရှေ့တန်း)** ရန်ပိုင်၊ စည်သူဝင်း၊ လှအေးထွေးနှင့် ကျော်သူရတို့ ပါဝင်ကြသည်။

ခြေစစ်ပွဲမအောင်

အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲတွင် အာဆီယံဒေသတွင်းနိုင်ငံများမှ လက်ရွေးစင်ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အုပ်စု(က)တွင် မြန်မာ၊ ထိုင်း၊ မလေးရှားနှင့် ဖိလစ်ပိုင်၊ အုပ်စု(ခ)တွင် စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် လာအိုတို့ ပါဝင်ကြသည်။ ကမ္ဘောဒီးယားအသင်းနှင့် ဘရူနိုင်းအသင်းတို့မှာ ခြေစစ်ပွဲမအောင်မြင်၍ ပါဝင်ယှဉ်ပြိုင်ခွင့် မရရှိခြင်းဖြစ်သည်။

အိမ်ကွင်း၊ အဝေးကွင်း

အုပ်စု(က)ပွဲစဉ်များကို ဇန်နဝါရီ၁၂ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံ၌ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စု(ခ) ပွဲစဉ်များကို ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ စင်ကာပူနိုင်ငံ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်များကို အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ကျင်းပမည်ဖြစ်ရာ ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တွင်လည်းကောင်း သက်ဆိုင်ရာနိုင်ငံများ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နောက်ဆုံးဗိုလ်လုပွဲစဉ်ကို အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ကျင်းပမည်ဖြစ်ရာ ပထမအကျော့ပွဲစဉ်ကို ဇန်နဝါရီ ၃၁ ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်ကို ဖေဖော်ဝါရီ ၄ ရက်တွင်လည်းကောင်း သက်ဆိုင်ရာ နိုင်ငံများ၌ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပွဲစဉ်ရေးဆွဲထား

အုပ်စု(က)ပွဲစဉ်များရေးဆွဲထားရာ ဇန်နဝါရီ၁၂ ရက်တွင် ပထမပွဲအဖြစ် မလေးရှားနှင့် ဖိလစ်ပိုင်၊ **ဒုတိယပွဲအဖြစ် ထိုင်းနှင့် မြန်မာ၊** ဇန်နဝါရီ ၁၄ ရက်တွင် **ပထမပွဲအဖြစ် မလေးရှားနှင့် မြန်မာ၊** ဒုတိယပွဲအဖြစ် ထိုင်းနှင့် ဖိလစ်ပိုင်၊ ဇန်နဝါရီ ၁၆ ရက်တွင် **ပထမပွဲအဖြစ် မြန်မာနှင့် ဖိလစ်ပိုင်၊** ဒုတိယပွဲအဖြစ် ထိုင်းနှင့်မလေးရှားတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စု(ခ)

အုပ်စု(ခ)ပွဲစဉ်များရေးဆွဲထားရာ ဇန်နဝါရီ ၁၃ ရက်တွင် ပထမပွဲအဖြစ် အင်ဒိုနီးရှားနှင့် လာအို၊ ဒုတိယပွဲအဖြစ် စင်ကာပူနှင့် ဗီယက်နမ်၊ ဇန်နဝါရီ ၁၅ ရက်တွင် ပထမပွဲအဖြစ် အင်ဒိုနီးရှားနှင့် ဗီယက်နမ်၊ ဒုတိယပွဲအဖြစ် စင်ကာပူနှင့် လာအို၊ ဇန်နဝါရီ ၁၇ ရက်တွင် ပထမပွဲအဖြစ် ဗီယက်နမ်နှင့် လာအို၊ ဒုတိယပွဲအဖြစ် စင်ကာပူနှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း အဖွဲ့ခေါင်းဆောင် ဦးသန်းဇော်နှင့် နည်းပြချုပ် ဦးဆန်းဝင်းတို့က လေ့ကျင့်ပြင်ဆင်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပြိုင်ပွဲ၌ တရားသောယှဉ်ပြိုင်ခြင်းဖြင့် အနိုင်ရရှိအောင် ကြိုးပမ်းရန်၊ အနိုင်မခံ၊ အရှုံးမပေးစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် ကြိုးပမ်းယှဉ်ပြိုင်သွားရန် စသည်ဖြင့် မှာကြားသည်။

အမည်ပြောင်း

ယခင်က အာဆီယံ တိုက်ဂါးဖလားအမည်ဖြင့် ၁၉၉၆ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ငါးကြိမ်ကျင်းပခဲ့သည်။ အာဆီယံတိုက်ဂါးဖလား ဘောလုံးပြိုင်ပွဲကို ၂၀၀၄ ခုနှစ်ပြိုင်ပွဲအပြီး၌ ရပ်နားထားခဲ့ရာမှ ယခုအခါ အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲဟု အမည်ပြောင်းလဲကျင်းပခြင်းဖြစ်သည်။ အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲစဉ်များကို ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့ရာ လာအိုအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ခြေစစ်ပွဲအောင်မြင်ပြီး တက်ရောက်လာခြင်းဖြစ်သည်။ အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသည့် အသင်းအား အမေရိကန်ဒေါ်လာတစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အင်အားဖြည့်တင်း

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲအကြို ခြေသွေးသည့်အနေဖြင့် ဒုတိယအကြိမ် ဂရင်းရှိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရဗိုလ်စွဲခဲ့သည်။ ဂရင်းရှိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ၌ ဒုတိယဆုရရှိခဲ့သော မြန်မာ (ယူ-၂၃)အသင်းမှ အားကစားသမားအချို့ကို ထပ်မံအင်အားဖြည့်တင်းပြီး မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို ပြင်ဆင်ဖွဲ့စည်းထားခြင်းဖြစ်သည်။

မှတ်ကျောက်တင်ခံ

အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် မာဒေးကားဖလားပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှ အားကစားသမား ၁၅ ဦး ပြန်လည်ပါဝင်လာသည်။ အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲသည် ယခင်တိုက်ဂါးဖလားပြိုင်ပွဲကဲ့သို့ပင် အာဆီယံဒေသအတွင်းမှ လက်ရွေးစင်ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြ၍ အဆင့်မြင့် နိုင်ငံတကာပြိုင်ပွဲတစ်ခုဖြစ်သည်။ အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲသည် မာဒေးကားဖလားချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ခြေစွမ်းအမှန်ကို မှတ်ကျောက်တင်ခံရမည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပါကြောင်း သတင်းစကားပါးဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကချင်ပြည်နယ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၁၀

၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် ကချင်ပြည်နယ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့က တက်ရောက် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် ပညာရေးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကျောင်းအေးမြသီတာခန်းမ၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ဖြည့်ဆည်းပေး

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့က အမှာစကားများ အသီးသီးပြောကြားကြပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူး ဦးစဏ်းအောင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ထူးချွန် ကျောင်းသားလူငယ်များအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ဓာတ်မာန်သီချင်းဖြင့် ရုပ်သိမ်းလိုက်သည်။

အမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ်၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်ကြပြီး အမှာစကား အသီးသီးပြောကြားကြသည်။

ဆက်လက်၍နည်းပညာကောလိပ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာ ၃၀၀ ကို ပေးအပ်ကြရာ ပြည်နယ်အသင်းအတွင်းရေးမှူး ဦးရားဝမ်ဂျုံက လက်ခံပြီး တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့က ကျောင်းအတွက် လိုအပ်သည်များ ထောက်ပံ့ပေးအပ်ကြသည်။ ယင်းနောက် နည်းပညာကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာသန့်ဇော်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သီလဝံသအား သွားရောက် ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဝန်းသိုကျောင်းတိုက်အတွင်း ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပံ့ပိုးလှူဒါန်းဆောင်ရွက်ပေးသည်။

တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့၌ ကျင်းပသော ရိုးရာမနောပွဲတော်သို့ တက်ရောက်လာကြသည့် ဒေသအသီးသီးမှ တိုင်းရင်းသားများအား ချစ်ကြည်ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက် အားပေးစကားများ ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တာမွေမြို့နယ် ကုဋ္ဌာသယလမ်း၌ ဓမ္မပူဇာသဘင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်မြို့ တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် ကုဋ္ဌာသယလမ်း၌ စတုတ္ထအကြိမ်မြောက် ဓမ္မပူဇာသဘင်ပွဲကို ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၅ ရက်တွင် အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)၊ ဇန်နဝါရီ ၁၆ ရက်တွင် အရှင်ခေမာသီရိလင်္ကာရ (သီတဂူ ကြယ်တစ်ပွင့်)နှင့် ဇန်နဝါရီ ၁၇ ရက်တွင် အရှင်ဆေကိန္ဒ(ဓမ္မဒူတ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားတံခွန်စိုက် ဒုတိယအဆင့်လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ဒုတိယအဆင့်လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲကို ဇန်နဝါရီ၁၈ ရက်မှ ၂၈ ရက်အထိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပမည်ဖြစ်သည်။

ဒုတိယအဆင့်လက်ရည်စစ်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြသည့် ယမန်နှစ် အမျိုးသားတံခွန်စိုက်လက်ရွေးစင်များ၊ ၂၀၀၆ ခုနှစ်အတွင်းက ကျင်းပခဲ့သည့် ပြိုင်ပွဲများဖြစ်ကြသည့် ဝန်ကြီးဌာနပေါင်းစုံပြိုင်ပွဲတွင် ပထမတန်းနှင့် အမြန်ရွှေ့ပြိုင်ပွဲတို့၌ အကောင်းဆုံးကစားခံ့ဆုရရှိကြသူများ၊ အမျိုးသမီးတံခွန်စိုက်ချန်ပီယံ၊ အသက် ၂၀အောက် လူငယ်တံခွန်စိုက်ချန်ပီယံနှင့် ပထမအဆင့် လက်ရည်ပြိုင်ပွဲမှ လက်ရည်စစ်အောင်မြင်သူ ၂၀ တို့သည် ဇန်နဝါရီ ၁၆ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်သို့ သတင်းပို့ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မင်္ဂလာဒုံမြို့နယ် လေဆိပ်လမ်းရှိ မြစေတီဆုတောင်းပြည့်ဘုရား **သီရိဓမ္မာ သီလရှင်စာသင်တိုက်အတွက် တာမွေမြို့နယ် အမှတ် ၆၃ ဖိုးရေအိုးစင်လမ်းနေ ဦးမြင့်ဆွေ အားရည်စူး၍ ဇနီး ဒေါ်ခင်စန်းမြင့်၊ သား ကိုကျော်မင်းဦး၊ ကိုမင်းမင်းဇော်၊ ကိုဝေလျံဖြိုး (ကြယ်တံခွန်ရတနာ)မိသားစုက ပဓာန နာယက သီလရှင်ဆရာကြီး နှစ်ပါးထံ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းစဉ်။**

(က-ပ)

၁၉၈၂ခုနှစ် တတိယနှစ်၊ ၁၉၈၃ ခုနှစ် စတုတ္ထနှစ် ဘူမိဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲအခမ်းအနားကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က KYK စားသောက်ဆိုင် အမှတ် ၁၆ ဦးထွန်းငြိမ်းလမ်းနှင့် ပါရမီလမ်းထောင့် ချော်တွင်းကုန်း မရမ်းကုန်းမြို့နယ်၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ တက်ရောက်ပြီး ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ကန်တော့ပစ္စည်းပေးအပ်စဉ်။

(က-ပ)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဘောလုံးပြိုင်ပွဲ မန္တလေး ကိုယ်ပွားသတင်းစာတိုက်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၏ ဌာနစိတ်အလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကိုယ်ပွားသတင်းစာတိုက်ရုံးရှေ့တွင် ဇန်နဝါရီ ၄ ရက် ညနေ ၄ နာရီက ကျင်းပရာ ကွန်ပျူတာဌာနအသင်းက ဖိုတိုလစ်သိုဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲပြီး ပုံနှိပ်စက်ခန်းအသင်းက တတိယဆုရရှိသွားသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ တတိယဆုရ ပုံနှိပ်စက်ခန်းအသင်းအား လက်ထောက်မန်နေဂျာ(ငွေစာရင်း) ဦးမျိုးဝင်းက ဆုငွေကျပ် ၁၀၀၀၀ ကိုလည်းကောင်း၊ ဒုတိယဆုရ ဖိုတိုလစ်သိုဌာနအသင်းအား လက်ထောက်မန်နေဂျာ(စီမံ) ဦးကျော်ဦးက ဆုငွေကျပ် ၁၂၀၀၀ ကိုလည်းကောင်း ချီးမြှင့်ပြီး ပထမဗိုလ်စွဲသည့် ကွန်ပျူတာဌာနအသင်းအား စာတည်းမှူး ဦးညွန့်ဇော်က ဆုငွေကျပ် ၁၅၀၀၀ ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)** **(က-ပ)**

အသက်ရှည်စွာ အနာမဲ့ရေး (၂၀)

"ဦးလေးချောတို့ အမေဒေါ်တင်ညွန့်တို့ ကြွပါခင်ဗျာ၊ ဦးဇင်းအောင်မိုးပါ ပါလာတာကိုး၊ မတွေ့ရတာကြာပြီနော် (ဦးဇင်းဣန္ဒကသည် ရဟန်း ဝါ၁၅ဝါရမှ လူထွက်လာသော၊ ဝိနည်းကျမ်းကျေ၊ တရားဓမ္မ ဗဟုသုတ ကြွယ်ဝလှသူ လူအမည် ကိုအောင်မိုးဖြစ်ပါသည်။)"

"ဟုတ်ကဲ့ဆရာ၊ ဦးလေးချောနဲ့ အမေညွန့်တို့က ဝိပဿနာနည်းနဲ့ AIDS ရောဂါကုမည့် ဆရာ့ရည်ရွယ်ချက်ကို ပြောပြလို့ ကျွန်တော်လဲ စိတ်ဝင်စားလို့ လိုက်လာတာပါ"

"ကြိုဆိုပါတယ်ခင်ဗျာ"

"ကျွန်တော်ကတော့ 'စိတ်'ရဲ့ စွမ်းအင် အလွန်ကြီးမားကြောင်း၊ အနောက်တိုင်းနိုင်ငံများမှာ စိတ်နဲ့ကုသနည်း အစွမ်းထက်တာတွေ ဖတ်ရပါတယ်။ ကျွန်တော်တို့ရဲ့ (Insight Meditation) ဝိပဿနာနည်းစနစ်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း၂၅ဝဝကျော်က ရှင်တော်မြတ်ဘုရားဟောကြားခဲ့တဲ့ တရားတစ်ခုပဲလေ။ အခုခေတ်မှသိလာရတဲ့ အဏုမြူတို့၊ ပရမာ အဏုမြူတို့ဆိုတာတွေတောင် ပါပါသေးတယ်။ အခုအချိန်အထိ ဘာမှ ချို့ယွင်းအားနည်းချက်မရှိ မှန်ကန်ခဲ့တာချည်းပါပဲ။ အဲဒီဝိပဿနာ ရှုခြင်းဟာ ရှုမှတ်သူများအတွက် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကြီးဖြစ်သလို ဘုရားပေးတဲ့ တရားဆေးကြီးလဲ ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ ဆေးဟာ ဇဗပါးရောဂါကို ပျောက်ကင်းစေနိုင်တယ်ဆိုတဲ့ တော်ကူးဆရာတော်ဘုရားကြီးရဲ့ မိန့်ဆိုချက်ကို သတိရမိပါတယ် ခင်ဗျာ။ ဝိပဿနာ ရှုမှတ်ခြင်းဖြင့် စိတ်အညစ်အကြေးများ ကင်းစင်စေရာမှာ သမာဓိ အတော်အသင့်ရရှိလာရင် သာမန်ပျံ့လွင့်နေတဲ့ စိတ်ထက် အဆပေါင်းများစွာ အစွမ်းထက်မြက်တယ်လို့ ဆရာတော်ကြီးက မိန့်ကြားပါတယ်"

"ဟုတ်ပြီလား ဆရာရယ်၊ နေရောင်ခြည်အောက်က သစ်ရွက်ခြောက်တွေ ဒီတိုင်းထားရင် ပူရုံပူတာပါ၊ မီးမလောင်ပါဘူး။ သို့သော် မှန်ဘီလူးခုံးတစ်ခုနဲ့ နေရောင်ခြည်ကိုစုစည်းလိုက်ရင် အဲဒီအပူစွမ်းအင်က မီးလောင်ကျွမ်းစေလောက်အောင် အားကြီးလာတဲ့ သဘောပေါ့။ စုစည်းခြင်းရဲ့ အင်အားလေ။ **ပျံ့လွင့်နေတဲ့စိတ်ကို သမာဓိမှန်ဘီလူးခုံးနဲ့ စုစည်းလိုက်ရင် ခန္ဓာကိုယ်မှာရှိတဲ့ ဆရာဝန်များပြောတဲ့ဆဲလ်တွေကို ဘယ်ပိုးက ဝင်ပြီး ဖျက်ဆီးနိုင်မှာလဲ၊ သမာဓိ ကောင်းလေလေ၊ အစွမ်းထက်လေလေပဲပေါ့ဆရာ။** အဲဒီအခိုက်မှာ သမထဘက်လိုက်ရင် ဈာန်အဘိညာဉ်ရပြီး မြေလျှိုးမိုးပျံနိုင်တာတွေ ကျမ်းဂန်တွေထဲမှာ အခိုင်အမာ ရှိပါတယ်၊ ဝိပဿနာဘက်လိုက်ရင် သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာ မယဉာဏ် အဆင့်ဆင့်ဖြစ်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အထိရနိုင်တာ ဆရာသိပါတယ်"

ဟု ဦးဇင်းအောင်မိုးက ဆိုပါသည်။

"ကြားဖူးပါတယ် ဦးဇင်းအောင်မိုး၊ အခု ကျွန်တော် ဝေဒနာရှင်တွေကို သိစေချင်တာက–

(၁) မိမိစိတ်ကို အပြုသဘောဆောင်တဲ့ဘက်ကို လုံးလုံးထား။ ဆိုလိုတာက ဤသမာဓိထူထောင်ခြင်းနည်းသည် ကျွန်ုပ်ခံစားနေရသော ဝေဒနာနှင့် ရောဂါကို မုချပျောက်ရမည်လို့ နှလုံးသွင်းဖို့။

(၂) တရားတန်ခိုးတော်သည် ရောဂါကို ပျောက်စေသည်ဆိုတာကို ခိုင်ခိုင်မာမာယုံကြည်ဖို့။ ဥပမာ–ဝေသာလီပြည်မှာ ကပ်ကြီးသုံးပါးဆိုက်ရောက်စဉ် မြတ်ဗုဒ္ဓက အရှင်အာနန္ဒာအား ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်စေသောကြောင့် ချမ်းသာရကြတာ။ ရှင်မဟာကဿပမထေရ်ကြီး နာမကျန်းဖြစ်စဉ်က မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဗောဇ္ဈင်တရားကိုဟောလို့ တရားအဆုံးမှာ ရောဂါ ချက်ချင်း ပျောက်ကင်းသွားတာ။ ရှင်မဟာမောဂ္ဂလန် မကျန်းမာသော အခါကလဲ မြတ်ဗုဒ္ဓက ဗောဇ္ဈင်တရားကိုဟောကြားခြင်းဖြင့် ရောဂါပျောက်ကင်းစေတဲ့အပြင် ဘုရားကိုယ်တော်တိုင် နာမကျန်းဖြစ်စဉ်က ဝေဠုဝန်ကျောင်းတော်မှာ စုန္ဒမထေရ်ကို ဗောဇ္ဈင်တရား ဟောကြားစေခဲ့တာတွေဟာ တရားတော်ရဲ့ တန်ခိုးတွေလို့ ပြောလို့ရပါတယ်။

(၃) ဝေဒနာနုပဿနာရှုတဲ့အနေနဲ့ ရောဂါရဲ့ဝေဒနာကို စူးစူးစိုက်စိုက် ရှုတဲ့အခါမှာ တရားဆေးရဲ့အစွမ်းသတ္တိက ရောဂါမှာစုဝေးပြီး ရောဂါကို ညက်ညက်ကြေသွားအောင် ချေမှုန်းသွားလိမ့်မယ်လို့ ယုံကြည်ရပါမယ်။

(၄) ဦးဇင်းအောင်မိုးပြောသလို **သမာဓိအားနဲ့ပျံ့လွင့်နေတဲ့စိတ်ကို စုစည်းလိုက်ရင် ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်တွေမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါး အညီညွတ်ဆုံးအချိန်အခါနဲ့ အခြေအနေဖြစ်လာပြီး အလွန်အထူးတည်ငြိမ်လာမယ်၊ ကိုယ်ခံစွမ်းအားတွေမြင့်တက်လာမယ်၊ ပြင်ပ ပိုးမွှားများကို တိုက်ထုတ်နိုင်တဲ့ ဓာတ်၊ သို့မဟုတ် ရောင်ခြည်တွေ ထုတ်ပေးနိုင်လိမ့်မယ်** လို့ အသေအချာ သိရှိနားလည် ယုံကြည်နေရမယ်"

"သမာဓိအားကောင်းတာနဲ့ ဆဲလ်က ရောင်ခြည်ထုတ်တာ ဖြစ်ပါ့မလားဆရာ"

ဟု ဦးလေးချော မြေး ဆရာဝန်ကလေးက မေးပါသည်။

"ဒေါက်တာကြီးရယ် လူတိုင်းလူတိုင်းမှာ ရောင်ခြည်ထွက်နေတယ်ဆိုတာ သိပ္ပံနည်းကျ စမ်းစရာမလိုပါဘူး။ ဒေါသထွက် စိတ်ဆိုးနေတဲ့ လူကလဲ ဒေါသငွေ့ရိပ်တွေ မျက်နှာပေါ်မှာလွှမ်းခြုံနေတယ်။ လောဘစိတ်ဆိုလဲ ဒီလိုပါပဲ၊ မေတ္တာစိတ်ရှိနေတဲ့ အချိန်မှာလဲ လူတိုင်းလူတိုင်းမျက်နှာမှာ သိသိသာသာ ပေါ်ပါတယ်။ သတိထားရင်သိသာပါတယ်။ သမာဓိအားကောင်းပြီး မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းလေ့ရှိတဲ့ ဆရာတော်ကြီးတွေရဲ့ မျက်နှာကိုဖူးတွေ့ရရင် မိမိကိုယ်တိုင်ပါ အေးမြသွားတယ်လို့ ခံစားရပါတယ်"

"မာဂဏ္ဍီမိဖုရားကုန်းချောလို့ ဥတေနမင်းက သာမာဝတီမိဖုရားကို အထင်လွဲအမျက်တော်ရှကာ လေးမြားနဲ့ပစ်တာလေ၊ သာမာဝတီမိဖုရားက မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းရင်းနဲ့ပဲ ငြိမ်သက်စွာနေလိုက်ပါတယ်။ မေတ္တာရဲ့ အေးမြခြင်းက ဥတေနမင်း ဒေါသနဲ့ပစ်တဲ့မြား သူ့ဘက်ကို ပြန်ကွေ့လာတာ ဒေါက်တာကြီး ကြားဖူးမှာပါ။ ဟုတ်တယ်မို့လား အမေညွန့်"

"ဟုတ်ပါတယ်ဆရာ၊ လောဘရုပ် လောဘငွေ့၊ ဒေါသရုပ် ဒေါသငွေ့၊ မောဟရုပ် မောဟငွေ့၊ မာနရုပ်မာနငွေ့တွေက လူတိုင်းရဲ့ ခန္ဓာကိုယ်မှာ သူ့စိတ်ထဲမှာရှိတဲ့အတိုင်း ထွက်နေတာ သတိထားမိပါတယ်။ အဲ့ဒီအခိုက်အတံ့တွေမှာ ဆရာတို့ပြောကြတဲ့(ဆဲလ်) ကလာပ်စည်းတွေ ပိုပျက်စီးကုန်မယ်ထင်ပါတယ်"

"ဟုတ်ပါတယ်ခင်ဗျာ၊ အဲ့ဒီအငွေ့အသက်တွေငြိမ်းဖို့ (Insight meditation)လို့ ခေါ်တဲ့ ဝိပဿနာနည်းနဲ့ ကြိုးစားခဲ့တဲ့ ဖြစ်ရပ်ကလေး တစ်ခု ပြောပြပါမယ်"

ဒေါက်တာလွင်ကို

"၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလလောက်ကပေါ့၊ AIDS ရောဂါကို မြန်မာတိုင်းရင်းဆေးနှင့် ကုသတာပျောက်တယ်။ တရုတ်ဆေးနဲ့ကုတာပျောက်တယ်ဆိုတဲ့သတင်း အစတွေကို လိုက်ကောက်ပြီး တကယ်အကုခံရတဲ့ ဝေဒနာရှင်တွေကို သက်သာပျောက်ကင်းမှု ရှိ မရှိ စာရင်းကောက်ကြည့်ခဲ့ပါတယ်။ အဲဒီမှာ လမ်း၅၀ထဲက ဇနီးမောင်နှံဆီ ရောက်သွားပြီး ကလေးမရယ် စိတ်တော့မရှိပါနဲ့ ဦးကဘယ်သူပါ မိတ်ဆက်ပြီး ကလေးမမှာ ဒီပိုးရှိနေလို့ ဒီဆရာ့ဆီမှာ ဆေးကုခံနေတာ အခြေအနေသိပါရစေ။ လူမှားမေးမိရင်လဲ တောင်းပန်ပါတယ်။ ဖြေချင်မှလဲ ဖြေပါ။ စိတ်မကောင်းတော့ မဖြစ်ပါနဲ့"

"ဦးလေးပြောတာဟုတ်ပါတယ်၊ ကျွန်မဆေးမျိုးစုံအောင်စားပြီးပါပြီ။ ယုံကြည်ထောက်ခံရလောက်အောင် ကျွန်မတော့ တိုးတက်မလာပါဘူး"

"စိတ်မကောင်းပါဘူး တူမရယ်"

"ဒီ AIDS ရောဂါဟာ ကျွန်မတို့ဇနီးမောင်နှံတင် ရွေးဖြစ်တာမှ မဟုတ်ဘဲ။ တစ်ကမ္ဘာလုံး ပျံ့နှံ့နေတာ။ ကျွန်မ ရုံးဝန်ထမ်းပါ။ ကျွန်မအမျိုးသားက ပထမ စဖြစ်တာပါ။ ကျွန်မသူ့ကိုအပြစ်မတင်ပါဘူး ဦးလေးရယ်။ ကမ္ဘာကြီးမှာ မတော်တဆထိခိုက်မှုတွေနဲ့ အသက်ဆုံးရှုံးနေရတာ နေ့စဉ် ထောင်နဲ့ချီ ရှိနေပါတယ်။ သူတို့တစ်တွေအတွက် ဘယ်လိုသတိပေး နှိုးဆော်ချက်မှမရှိဘဲ ရုတ်တရက် သေသွားကြရတော့ မသေခင်တစ်လ တစ်နှစ်အတွင်းမှာရော ကုသိုလ်ကောင်းမှု၊ သို့မဟုတ် တရားအားထုတ်ခွင့်ရကြရဲ့လား။ သေခါနီးဆဲဆဲမှာရော ရတနာမြတ်သုံးပါးကို နှလုံးသွင်းနိုင်ပါ့မလား။ စဉ်းစားကြည့်ပါ၊ သူတို့နဲ့စာရင် ကျွန်မတို့ကမှ နှလုံးသွင်းဖို့၊ ကုသိုလ်ကောင်းမှုတွေလုပ်ဖို့ အချိန်တွေ ရထားတယ်လို့ ဆိုရပါမယ်။ သေဖို့ကြိုတင်ပြင်ဆင်ခွင့် ရနေတာပေါ့။ ဒါကိုပဲ ဘယ်သူ့ကိုကျေးဇူးတင်ရမှန်း မသိတင်နေပြီး မိမိကိုယ်ကိုကျေနပ်နေမိပါတယ်"

"ဟိုမှာကြည့်ပါ ဦးလေး၊ ရုံးချိန်ကလွဲလို့ ကျွန်မတရားထိုင်တဲ့နေရာ။ ကျွန်မအမျိုးသားက ကားပွဲစားလုပ်တယ်။ အခုရောဂါကြောင့် မလုပ်နိုင်တော့ပေမယ့် အိမ်မှုကိစ္စတော့ ကူလုပ်ပေးပါတယ်။ အရင်အိပ်ရာထဲလဲနေရာက ကျွန်မကို အဖော်ပြုပြီး အိမ်မှာ တရားလိုက်ထိုင်တာ အခုခြောက်ထပ်တိုက်ကို ဆင်းနိုင် တက်နိုင်နေပါပြီ။ ကျွန်မတို့နှစ်ယောက် အချိန်ရှိသရွေ့ တရားမှတ်ပါတယ်၊ မဟာစည်နည်းပေါ့။ တရားအဆင့် ဘယ်လောက် ရောက်တယ်ဆိုတာ မသိပေမယ့် ရောဂါတော့သက်သာလာပါတယ်တဲ့။ ကျွန်တော့်ကို ကြည်လင်တဲ့ အမြင်တစ်ခုရအောင် တရားဟော၊ တရားပြသွားတယ်ပဲ ဆိုပါတော့"

"အခုသူတို့အခြေအနေ ဘယ်လိုရှိလဲဆရာ"

"သုံးနှစ်လောက်အထိတော့ ကောင်းကောင်းမွန်မွန် အလုပ်ဆင်းအလုပ်တက်ပဲ။ နောက် ကျွန်တော်နဲ့အဆက်ပြတ်သွားတယ်။ ကောင်းမှာပါ။ ဝိပဿနာနည်းနဲ့ တရားအားထုတ်နေသရွေ့ကာလပတ်လုံး HIV ပိုးက ခန္ဓာကိုယ်က ဆဲလ်တွေကို ဒုက္ခမပေးနိုင်တာ သေချာပါတယ်။ ဒီဝိပဿနာတရားတော်က အသက်ကို ဆွဲဆန့်ချင်သလောက် ဆန့်လို့ရတယ်လေ"

"ဆရာကြီး ကျွန်တော် နားမရှင်းသလိုပဲ။ အသက်ကို ဘယ်လို ဆွဲဆန့်မလဲခင်ဗျ"

ဒေါက်တာလေးက စူးစမ်းပါသည်။

"ဒီလိုပါ ဆရာလေးရေ၊ မြတ်ဗုဒ္ဓဟာ ဝေသာလီပြည်ရဲ့ အရှေ့မျက်နှာစာ ပါလစေတီအရပ်မှာ 'ချစ်သားအာနန္ဒာ၊ ငါဟောတော်မူသော ဗောဇ္ဈင်ခုနစ်ပါးကို ပွားစေ၍လည်းကောင်း၊ အဖန်ဖန်တလဲလဲ လေ့လာပြု၍လည်းကောင်း နေဗြားအံ့၊ ထိုပုဂ္ဂိုလ်သည် အလိုရှိသည်ဆိုသော် နှစ်တစ်ရာမက အာယုကပ်ပတ်လုံး လည်းကောင်း တည်နိုင်ရာ၏။ ချစ်သားအာနန္ဒာ၊ ငါဘုရားသည်လည်း အလိုတော်ရှိ၍ ဣဒ္ဓိပါဒ်လေးပါး၊ အဓိပတိလေးပါး၊ ဗောဇ္ဈင်ခုနစ်ပါး တို့ကိုသာ လေ့လာပွားစည်း၍ နေသည်ရှိသော် အာယုကပ်ပတ်လုံး တည်တော်မူနိုင်၏။ ထို့ထက်အလွန် တစ်ကမ္ဘာပတ်လုံးလဲ တည်တော်မူနိုင်၏' ဟု သုံးကြိမ်တိုင်တိုင် ဩဘာနိမိတ် မိန့်တော်မူပါတယ်။ ဆိုလိုချင်တာက သမာဓိထူထောင်ရင်၊ သမာဓိအား ကောင်းလာရင် သမထ ဝိပဿနာရဲ့ စွမ်းအားရရှိပြီး သက်တမ်းဆန့်နိုင်တာကို ပြောချင်တာပါ"

"ဆရာရဲ့ ပြောကြားချက်ကို ကျွန်တော် အလွန်သဘောကျပါတယ်။ ဓမ္မဓိဋ္ဌာန်လဲ ကျပါတယ်။ HIV ဗိုင်းရပ်စ်ကို သတ်နိုင်တဲ့ ဆေးပေါ်အောင် ကြိုးစားနေတာက တစ်ကဏ္ဍ၊ ကျွန်တော်တို့ကလဲ အခု ဝိပဿနာနည်းဖြင့် သမာဓိထူထောင်ပြီး သမထ/ဝိပဿနာတရား အဆင့်ဆင့်နဲ့ ကုစားခြင်းဟာ ထာဝရအကောင်းဆုံးနည်း ဖြစ်တာမို့ စောစောလိုက်နာလုပ်ဆောင်ဖို့ တိုက်တွန်းလိုက်ပါရစေ။ ကျွန်တော်တို့က ဘယ်နေရာက ကူရမလဲ"

ဟု ဦးဇင်းအောင်မိုးက မေးပါသည်။

"ဟုတ်ကဲ့၊ ဦးဇင်းအောင်မိုးက HIV ပိုးရှိသူများကိုလဲ နှစ်သိမ့်ဆွေးနွေးခြင်း အခန်းကပါရမယ့်အပြင် သူတို့တစ်တွေ စိတ်ဓာတ်မကျဘဲ လူတောထဲတိုးချင်စိတ်နဲ့၊ ဒီတရားနည်းနဲ့ ကုစားရင် ဒိဋ္ဌပျောက်မယ်ဆိုတာ သေချာနားလည်အောင် ရှင်းပြစေလိုပါတယ်"

"စိတ်ချပါဆရာ၊ ကျွန်တော့်ဘက်က တာဝန်ကျေစေရပါမယ်"

"ဦးဇင်းအောင်မိုးကို ပြောချင်တာထက် တခြားဦးဇင်းအောင်မိုးလို စေတနာရော သဒ္ဓါပါယုံကြည်ပြီး ကံ ကံ၏အကျိုးကို ယုံကြည်သူ ကလျာဏမိတ္တ သူတော်ကောင်းအပေါင်းကိုပါ အသိပေးတာပါ။ ဦးဇင်းကတော့ တရားပြတဲ့ စခန်းထိအောင် ပါရမှာနော်"

"စိတ်ချပါဆရာ၊ လှိုင်မဟာစည်ဆရာတော်ကြီး လျှောက်တင်ပြီး အဲ့ဒီကျောင်းတိုက်က ဆရာတော်တွေကိုပါ တရားနည်းပြဖို့ ပန်ကြားပေးပါ့မယ်။ ဒီနည်းကမှ တကယ့် **'အသက်ရှည်စွာ အနာမဲ့ရေး'** မို့လား ဆရာ"

လှိုင်မဟာစည်ဆရာတော်ကြီး မိန့်ကြားလေ့ရှိပါတယ်။

"မဟာသတိပဋ္ဌာန် ဝိပဿနာတရားအားထုတ်သူတို့ ရရှိနိုင်သော အကျိုးအမြတ်များကို မြတ်ဗုဒ္ဓဟောကြားထားသည်မှာဆိုပြီး–

သမာဓိအားနဲ့ ပျံ့လွင့်နေတဲ့စိတ်ကို စုစည်းလိုက်ရင် ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်တွေမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါး အညီညွတ်ဆုံးအချိန်အခါနဲ့ အခြေအနေဖြစ်လာပြီး အလွန်အထူး တည်ငြိမ်လာမယ်၊ ကိုယ်ခံစွမ်းအားတွေ မြင့်တက်လာမယ်၊ ပြင်ပ ပိုးမွှားများကို တိုက်ထုတ်နိုင်တဲ့ ဓာတ်၊ သို့မဟုတ် ရောင်ခြည်တွေ ထုတ်ပေးနိုင်လိမ့်မယ်။

(၁) **သောက ပရိဒေဝါနံ သမတိက္ကမာယ** – စိုးရိမ်ပူဆွေး ငိုကြွေးမှုကို ကင်းပျောက်စေနိုင်ခြင်း။

(၂) **စိတ္တာနံ ဝိသုဒ္ဓိယာ** – လောဘ၊ ဒေါသ၊ မောဟ စသောကိလေသာတည်းဟူသော စိတ်အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ခြင်း။

(၃) **ဉာယဿအဓိဂမာယ** – လောကီဉာဏ်၊ လောကုတ္တရာဉာဏ် တို့ကို ရရှိခြင်း။

(၄) **ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ** – ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတို့ ပျောက်ငြိမ်းခြင်း။

(၅) **နိဗ္ဗာနဿ သစ္ဆိကိရိယာယ** – နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းဆိုတဲ့အချက်တွေပါပဲ"

"HIV ပိုးကူးစက်ခံနေရတဲ့ သူတွေအတွက် အသက်ရှည်ရာ အနာမဲ့ရေး ဆေးကြီးပေါ့နော်"

ဟု ဦးလေးချောက ပြောပါသည်။

"ဟုတ်ပါတယ်၊ HIV/AIDS ရောဂါတင်မကပါဘူး၊ အခြားကင်ဆာရောဂါဝေဒနာရှင်များ၊ အသည်းရောင်၊ အသည်းကြွပ်နဲ့ နှလုံးရောဂါဝေဒနာရှင်များပါ အားကိုးရလောက်ပါသည်။ ဝဋ်နာကံနာက လွဲလို့ပေါ့လေ"

"ဆရာကြီးခင်ဗျား၊ ယခုဆွေးနွေးတဲ့ သတိပဋ္ဌာန်တရားနဲ့ သမာဓိထူထောင်ခြင်းကိစ္စများမှာ ပါဠိစကားတွေနဲ့ မြတ်ဗုဒ္ဓရဲ့မိန့်မှာဟောကြားတဲ့ တရားဒေသနာများဖြစ်တဲ့အတွက်ကြောင့် အခြားဘာသာဝင်တွေကိုကော ကောင်းကျိုးပြုနိုင်ပါ့မလား"

"ကောင်းကျိုးပြုနိုင်ပါပြီကော ဒေါက်တာကြီးရယ်၊ သတိပဋ္ဌာန်တရားနဲ့ သမာဓိထူထောင်ခြင်းဟာ လူမျိုး၊ ဘာသာ၊ ကျားမကြီးငယ်မရွေး ကြိုးစားရင် ကြိုးစားသလောက် အရာရောက်ပြီး ယုံကြည်ရင် ယုံကြည်သလောက် ကောင်းကျိုးကျန်းမာ ချမ်းသာကို ဖြစ်စေပါတယ်။ လူသားအားလုံးအပြင် နတ်၊ ဗြဟ္မာတွေပါ အကျုံးဝင်ပါတယ် ဒေါက်တာကြီး"

"ဆရာခင်ဗျာ၊ မြန်မြန်အကောင်အထည်ဖော်ပါလို့ တိုက်တွန်းပါရစေ"(ဦးဇင်းအောင်မိုးက ဆိုလာပါသည်)

ဦးဇင်းအောင်မိုးကဲ့သို့ လူကြီးလူငယ်များစွာ ထွက်ပေါ်ပါစေဟု ကျွန်တော် ဆုတောင်းမိပါသည်။ ။

လှူဒါန်း

ရွှေပြည်သာမြို့နယ် သစ္စာမဏ္ဍိုင်ကျောင်းအမှတ်(၆)မှဦးပဏ္ဍိတ၏ မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လှူဒါန်းရာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးက လက်ခံယူစဉ်။ (က-ပ)

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကန်ရှေ့ရပ် သိပ္ပံလမ်း အမှတ်(၁၆၁)နေ ဒေါ်ချို ချို မိသားစုက ဒဂုံ မြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လက်ရှိအောင်မြင်မှုအစဉ်အလာကောင်း ဆက်လက်ထိန်းသိမ်း တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဖြစ်ရေးကြိုးစား

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ဇန်နဝါရီ ၇ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမ၌ ကျင်းပသည့် ၂၀၀၆ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဒိုင်းဆုများရရှိခဲ့ကြသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားအသင်းများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းများ ရရှိခဲ့ကြသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ဝါတာပိုလိုအသင်း၊လှေလှော်အသင်း၊ တင်းနစ်(စ်)အသင်း၊ ဂျူဒိုအသင်း၊ ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး) အသင်းနှင့် ကျွမ်းဘားအသင်းတို့မှ တာဝန်ရှိသူများ အပ်နှံသည့် တံခွန်စိုက်ဒိုင်းများကို လက်ခံပြီး ဂုဏ်ပြုဆုငွေများ ပြန်လည်ပေးအပ်သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းအား တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သော ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားအသင်းက တံခွန်စိုက်ဒိုင်းကို ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးက အောင်ပွဲရ အားကစားသမားများ အနေဖြင့် လက်ရှိအောင်မြင်မှုအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းရင်း နောင်နှစ်များတွင်လည်း အောင်မြင်မှုရရှိအောင် ဆက်လက်ကြိုးစားကြရန်နှင့် တိုင်းစစ်ဌာနချုပ်ဂုဏ်ဆောင် အားကစားသမားမှသည် တပ်မတော်ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်စေရေး ကြိုးစားကြရန် တိုက်တွန်းအမှာစကား ပြောကြားသည်။

ဂုဏ်ပြုညစာ

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က အောင်ပွဲရ အားကစားသမားများနှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

တံခွန်စိုက်ဒိုင်း ၁၁ ခုရရှိထား

ရန်ကုန်တိုင်း စစ်ဌာနချုပ် အနေဖြင့် ၂၀၀၆ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊လေ) အားကစား ပြိုင်ပွဲများ၌ ယမန်နေ့ကအထိ တံခွန်စိုက် ဒိုင်းဆု (၁၁)ဆု ရရှိထားပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပ သုခမ္မာလမ်းမကြီး လမ်းသားတင်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန လမ်းနှင့်တံတား ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းက မြောက်ဥက္ကလာပမြို့နယ် သုခမ္မာလမ်းနှင့် ဝေဘာဂီလမ်းဆုံသို့ ရောက်ရှိပြီး သုခမ္မာလမ်းမကြီးကိုအမှတ် (၂) လမ်းဆုံအထိ ခြောက်လမ်းသွား လမ်းသားတင်ပြီးစီးမှုနှင့် အချောသတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး သက်ဆိုင်ရာ လမ်းအပိုင်းအလိုက် တာဝန်ခံ လုပ်ငန်းအင်ဂျင်နီယာများအား လမ်းသားကောင်းမွန်စေရေး အတွက် ဆောင်ရွက်ရေး မှာကြားကြောင်း သိရသည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၂၃ ရက်က ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် နယ်လှည့်စာကြည့် တိုက်ဖွင့်ပွဲ အခမ်းအနားကို လမုတန်းရပ်ကွက် ဆုံဆည်းရာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌဦးမြင့်သိန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အုံးညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် ပြည်သူနှင့်အတူ အသင်းဝင်များ တက်ကြွစွာပါဝင် ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးတိုးမြှင့်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ဦးမောင်ပါ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ဇန်နဝါရီ ၇ရက် မွန်းလွဲပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်း မြို့နယ် မီးပြစံပြကျေးရွာသို့ ရောက်ရှိပြီး ကျောင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တပညာဝံသအား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တွေ့ဆုံ

ထို့နောက် အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် မီးပြကျေးရွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ရပ်မိ ရပ်ဖများ၊ ကျေးရွာလူထုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ အသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့အား ကျောက်တန်း မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်းက ဒေသ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပင်လယ်ရေငန်တားတာတမံများ တည်ရှိမှုအခြေအနေတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ပင်လယ်နှင့် ဆက်စပ်ဒေသဖြစ်၍ ပင်လယ်ရေငန် မဝင်ရောက်ရန် တာတမံများ ထိန်းသိမ်းမှုနှင့် မီးပြစံပြရွာပတ်သည့် တာတမံ ပြုလုပ်မည့် အနေအထားနှင့် စိုက်ပျိုးမြေယာများ အကျိုးပြုမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ကျေးရွာမှ တောင်သူလယ်သမားဦးလှကြိုင်နှင့် တာဝန်ရှိသူတို့က ဒေသတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေကို တင်ပြကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးလှမျိုးက စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးဆောင်ရွက်သင့်သည့် နည်းပညာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နိုင်ငံတော်အစိုးရသည်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းလုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ အသင်းဝင်များက တက်တက်ကြွကြွပါဝင် ဆောင်ရွက်လျက်ရှိကြကြောင်း မိမိတို့ဒေသရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်တိုးမြှင့် ဆောင်ရွက်ကြရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ဦးမောင်ပါက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကိုမှာကြားသည်။

ထို့နောက် မီးပြကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်က ကျေးလက်ဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ပံ့ပိုးကူညီဆောင်ရွက်ပေးသဖြင့် ကျေးရွာလူထုနှင့်ဒေသကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

နှုတ်ဆက်

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါတို့က ကျေးရွာ လူထုအား စာအုပ်စာစောင်များပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် မီးပြကျေးရွာတိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး အထွေထွေအတွင်းရေးမှူးနှင့် ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းတို့က ထောက်ပံ့ ပစ္စည်းများ ပေးအပ်ကြရာ တိုက်နယ် ဆရာဝန် ဒေါ်မို့မို့ခိုင်က လက်ခံသည်။

ပြသ

ထို့နောက် အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် မီးပြကျေးရွာနှင့် ပင်လယ်ကမ်းခြေဆက်စပ် နေရာများ၌ စိုက်ခင်းများ ရေငန်ဝင်ရောက်မှု တားဆီးမည့် ရေငန်တားတမံ ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းပြသကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်း မြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ကျင်းပရာ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ ငါးဘာသာဂုဏ်ထူးရှင် မသန္တာထက်အား ကျောင်းအုပ် ဆရာမကြီးက ဆုချီးမြှင့်စဉ်။ (ပညာရေး)

မူးယစ်ကင်းစင် အလှဆင်

KMD Computer Centre
Practical A+ ... Intel Socket 775, Serial ATA ... P4 ...
... Hardware Technician ...
Duration (40) Hours

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြားရေးမှူး) ရှေ့နေချုပ်ရုံးသည် သီရိသုဓမ္မသိင်္ဂီဘွဲ့ချီးမြှင့်ခံရ၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးဝင်းလှိုင်
မြို့နယ်ဥပဒေအရာရှိ(ဘိုကလေး)။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၈၇၆၂၊ ၁ယ/၁၇၁၀၅ Honda C90 Custom CMSယာဉ်လက်ဝယ်ရှိသူအမည် ဦးစိုးမင်းအောင် မှတ်ပုံတင်အမှတ် ၇/ပမန(နိုင်)၁၁၄၅၂၁က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊မြောက်ပိုင်း)၊မန္တလေးမြို့။**

မော်နီတာအပျက်ဝယ်သည်

ပြုပြင်၍မရနိုင်သော ကွန်ပျူတာ (မော်နီတာ)အပျက်များ အိမ်တိုင်ရာရောက် ဝယ်ယူလိုပါသည်။

ဆက်သွယ်ရန်-ဖုန်း-၅၂၆၈၉၈။

ကိုယ်စားလှယ်ပါဝါ စာချုပ်ဖျက်သိမ်းခြင်း

ဖြူးမြို့၊ ပဲခူးလမ်းတောင်ပိုင်းနေ ဦးရာဂျာရမ်း မှတ်ပုံတင်အမှတ် ဖြူး-၀၁၅၄၆၈သည် သားဖြစ်သူ ကိုကျော်စိုးအား ဖြူးမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ ၁၁-၃-၉၁ နေ့စွဲပါ (၈/၉၁)ဖြင့် အထွေထွေကိုယ်စားလှယ် လွှဲထားသော စာချုပ်အား ယနေ့မှစ၍ဖျက်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးရာဂျာရမ်း၊ ဖြူး-၀၁၅၄၆၈။

စေတနာသမ္မာရဝတ်အသင်း ရာပြည့်နှစ်အကြို (၅၆)ကြိမ်မြောက် ရွှေပြားသက်န်း အလှူတော်အောင်ပွဲ အထူးဓမ္မသဘင်

၂၀၀၇ခုနှစ် စေတနာသမ္မာရဝတ်အသင်း၏ ရာပြည့်နှစ်အကြို (၅၆)ကြိမ်မြောက် ရွှေပြားသက်န်းအလှူတော်အောင်ပွဲ အထူးဓမ္မသဘင်အား အောက်ဖော်ပြပါ နေ့ရက်များအတိုင်းကျင်းပမည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုနာကြားတော် မူပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

၁၃-၁-၂၀၀၇ (စနေနေ့) ဘဒ္ဒန္တကောသလ္လ (ဓမ္မစေတီဆရာတော်) M.A (Buddhism) သာသနတက္ကသိုလ မဟာဓမ္မာစရိယ
၁၄-၁-၂၀၀၇ (တနင်္ဂနွေနေ့) ဒေါက်တာကောဝိဒ (မဇ္ဈိမဂုဏ်ရည်ဆရာတော်) သာသနတက္ကသိုလ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ
၁၅-၁-၂၀၀၇ (တနင်္လာနေ့) ဘဒ္ဒန္တအင်္ဂီသ (ပါဠိကာရီဆရာတော်) ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ
၁၆-၁-၂၀၀၇ (အင်္ဂါနေ့) ဘဒ္ဒန္တသုန္ဒရ (စွန်းလွန်းဂူဆရာတော်) တိပိဋကဓရ၊ တိပိဋကကောဝိဒ
၁၇-၁-၂၀၀၇ (ဗုဒ္ဓဟူးနေ့) ဘဒ္ဒန္တပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သဒ္ဓမ္မဇောတိကဓဇ
၁၈-၁-၂၀၀၇ (ကြာသပတေးနေ့) ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ (ရွှေရတု တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက)
၁၉-၁-၂၀၀၇ (သောကြာနေ့) ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ(အောင်ဆန်းဆရာတော်) မဟာကမ္မဋ္ဌာနာစရိယ၊ မိုးကုတ်ဓမ္မကထိက
၂၀-၁-၂၀၀၇ (စနေနေ့) ဘဒ္ဒန္တကုန္ဒက (ချမ်းမြေ့မြိုင်ဆရာတော်)
၂၁-၁-၂၀၀၇ (တနင်္ဂနွေနေ့) ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိယ၊အဂ္ဂမဟာပဏ္ဍိတ
၂၂-၁-၂၀၀၇ (တနင်္လာနေ့) ဘဒ္ဒန္တဆေကိန္ဒ(ဓမ္မဒူတ) ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ
၂၃-၁-၂၀၀၇ (အင်္ဂါနေ့) သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (Ph.D) Litt (မဟာဓမ္မကထိက၊ ဗဟုဇန ဟိတဓရ၊အဂ္ဂမဟာပဏ္ဍိတ)

ကျင်းပမည့်အချိန် - ညစဉ် ၇း၃၀ နာရီတိတိ
ကျင်းပမည့်နေရာ - အထက(၁) ကျောင်းရှေ့၊ ဗားဂရာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။

လိုက်လံရှာဝယ်ပေးမှုဂုဏ်ပြုခြင်း

... Managing Director, Dana Aung Production Co.,Ltd ...

" STAR " ...

ဆူးလေစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဓမ္မပူဇာသဘင်တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

(၉၅)ကြိမ်မြောက် ဆူးလေစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်အတွင်း ဓမ္မပူဇာသဘင်တရားပွဲများကို ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း ဟိုတယ်နှင့်ခရီးသွားလာရေးရုံးရှေ့တွင် ည၇နာရီ၌ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ၁၆ရက်တွင် အဂ္ဂမဟာပဏ္ဍိတ ဒီဃနိကာယကောဝိဒ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ပါဠိကာရီဆရာတော် ဘဒ္ဒန္တအင်္ဂီသ၊ဇန်နဝါရီ၁၇ရက်တွင် မဟာစည်နယ်လှည့် ဓမ္မကထိက တွံတေးအရှင်အဋ္ဌက၊ ဇန်နဝါရီ၁၈ရက်တွင် ဆင်ဖြူတော်ဆရာတော် (ဓမ္မာစရိယ)ဘဒ္ဒန္တဂုဏိန္ဒ၊ ဇန်နဝါရီ၁၉ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ ဇန်နဝါရီ၂၀ရက်တွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရအောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယတို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အင်းစိန်မြို့နယ် ကြို့ကုန်း သီရိရတနာဓမ္မာရုံ အထူးတရားပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်း အရှေ့ရပ်ကွက် သီရိရတနာဓမ္မာရုံ၌ အထူးတရားပွဲများကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ အောင်ဆန်း ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရက လည်းကောင်း၊ ဖေဖော်ဝါရီ ၄ရက်မှ၅ရက်အထိ မဟာစည် နယ်လှည့် ဓမ္မကထိက ထီလာ အရှင်သုန္ဒရက လည်းကောင်း၊ ဖေဖော်ဝါရီ ၁၃ရက်မှ ၁၄ရက် အထိ စမ်းချောင်းမြို့နယ် မဏိ ရတနာကျောင်းတိုက်ဆရာတော် ဓမ္မကထိက ဓမ္မာစရိယ ဦးပညာဇောတက လည်းကောင်း နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကံမြင့်ကျောင်းတိုက် ကလေး အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ယဉ်ကျေးလိမ္မာ ကလေးအထူးတရားပွဲ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၃ရက်တွင် အရှင်ဆန္ဒာဓိကက လည်းကောင်း၊ ၁၄ ရက်တွင် အရှင်ဆေကိန္ဒကလည်းကောင်း ညစဉ်၇နာရီ၌ ဟောကြားမည်ဖြစ်ရာ ကြွရောက် တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

သိဒ္ဓိတင်ပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ၁၀ရပ်ကွက် ၅၁လမ်း အမှတ် ၁၃၇/၁၃၉တွင် တည်ရှိသော စရီဝါရသဂျာပေ ရှုမာလ် ဘုရားကျောင်း မဟာသိဒ္ဓိတင် မင်္ဂလာရေစင်သွန်းလောင်းပွဲကို ဇန်နဝါရီ ၂၉ရက် (တနင်္လာနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း၏ အိမ်တိုင်ရာရောက် စုရပ်အစီအစဉ်အဖြစ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်လျက်ရှိသော မင်္ဂလာဒုံတိုးချဲ့ ၁/ကရပ်ကွက်၊ ၂/ကရပ်ကွက်၊ စမ်းကြီး၀ ရပ်ကွက်ရှိ ဆေးကုသခံဝေဒနာရှင် ၁၀၀ကျော်တို့၏ လိုအပ်သည့် ဆေးပစ္စည်းတို့ကို ခရေပင်လမ်း ပွင့်လန်းစားသောက်ဆိုင် ဦးမြင့်စိုး-ဒေါ်ရှင်မိနှောင်းမိသားစုက လှူဒါန်းစဉ်။ (၁၁၅)

ပုသိမ်မြို့ မြောင်းမြပရိယတ္တိစာသင်တိုက်၌ ရွှေကျင်နိကာယ ဝိနယဓမ္မစာဖြေ စာပြန်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ မြောင်းမြပရိယတ္တိစာသင်တိုက်ကြီး၌ ပဓာနနာယက ဆရာတော် ပါဠိပါရဂူ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏိတက ကြီးမှူး၍ (၂၄)ကြိမ်မြောက် ရွှေကျင်နိကာယ ဝိနယဓမ္မစာဖြေ၊ စာပြန်ပွဲကို ဇန်နဝါရီ ၁၂ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်ရာ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးနှင့် စာထောက်စာမ ဆရာတော်များ၊ စာဖြေသံဃာ ၆၀၀ကျော်တို့ ကြွရောက်တော်မူကြမည်ဖြစ်သည်။

<u>ဟောကြားချီးမြှင့်မည်</u>

စာပြန်ပွဲကာလအတွင်း စစ်ကိုင်းမြို့ စံပြ ပရဟိတဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်နန္ဒာသဘက ဇန်နဝါရီ ၁၂ရက်၊ သထုံမြို့ တောင်စွန်း ဓမ္မဒူတတောရဆရာတော် ဓမ္မာစရိယ ဒေါက်တာအရှင်ပညိဿရ(B. A,M.A,Ph.D)က ၁၃ရက်၊ ပုသိမ်မြို့ မြောင်းမြကျောင်းတိုက် ဆရာတော် သာသနဓဇ ဓမ္မစရိယ၊ သာသနပါလ ဓမ္မာစရိယ အရှင်ပညာသိရိက ၁၄ ရက်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ အရှင်ရာဇဓမ္မာ ဘိဝံသက ၁၅ရက်၊ စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင် ဉာဏိဿရက ၁၆ရက်တို့တွင် ညစဉ် နိဗ္ဗာန် ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ကျွမ်းကျင်မှုဆိုင်ရာအတတ်သင်ကျောင်း(အင်းစိန်) စစ်ရေးပြကွင်းတွင် ဇန်နဝါရီ၄ရက်ကကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း ဖတ်ကြားစဉ်။ (၀၄၆)



တွံတေးမြို့နယ် သာစည်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း စုံညီပွဲတော်နှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ၈ရက်က ကျင်းပရာ ဒုတိယတန်း ကျောင်းသူ မထက်သူဝင်း ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်စဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေ နှစ်ဧကအတွက် ဦးကြွယ်စိန်–ဒေါ်မြင့်မြင့်၊ သား ကိုသက်ဆွေ ဇင်္ဂိုလလမ်း ဇင်္ဂိုလရပ်ကွက် အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ(နန်းမား) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မြဝတီမြို့ သန္တာလမ်း ကတ္တရာလမ်းခင်း

မြဝတီ ဇန်နဝါရီ ၄

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်သော အမှတ် (၁)ရပ်ကွက် သန္တာလမ်း ကိုယ့်အား ကိုယ်ကိုး ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၃၀ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နှစ်ဖက်သော မိဘများကို ရည်စူး၍ ရန်ကုန်တိုင်း အလုံ မြို့နယ် နွယ်သာကီ လမ်း အမှတ် (၁၇) နေ ဦးမြစန်း– ဒေါ်ခင်အေးကြူ၊ သား သမီး၊ မြေး တစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာ တော် ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူးဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲဆုချီးမြှင့်

ပြည် ဇန်နဝါရီ ၅

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၂ရက် နံနက်က ပြည်မြို့နယ်ခန်းမတွင် ကျင်းပရာ ပြိုင်ပွဲတွင် ပြည်မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်(၁၀)ရပ်ကွက်ရှိ ကလေးငယ်များက သက်တမ်းအလိုက် အုပ်စု ခုနစ်အုပ်စုခွဲ၍ ကလေးငယ် ၄၉ ဦးတို့ ပါဝင် ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကလေးငယ်များကို အရပ်၊ အလေးချိန်၊ တစ်ကိုယ်ရည်သန့်ရှင်းမှု စသည်များကို တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင်များ၊ တိုင်းကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ဒေသန္တရ ဆရာဝန်များနှင့် သူနာပြုများက အကဲဖြတ် အမှတ်ပေးကြသည်။

ဆုများချီးမြှင့်

ထို့နောက် အတန်းအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းပိုင် **(အပေါ်ပုံ)**၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာငွေစန်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ကြသည်။

(မိခင်နှင့် ကလေးအသင်း)

(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါက်ခေါင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ရှားစေးဘို–မြောက်လက်ကြီး ကျေးလက်မြေနီဂဝံလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှသိန်းအောင် ဒီဇင်ဘာ ၂၃ရက်က တောင်တွင်းကြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခရိုင်ခြင်းဆက်လမ်း ကျောက်ချောခင်းခြင်းကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုး၊ တောင်တွင်းကြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့က ရှင်းလင်း တင်ပြစဉ်။

(မြို့နယ်စည်ပင်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု အုတ်တွင်း ကံလျှက်တော ကျေးလက်ကျောက်ချောလမ်းဖွင့်

အုတ်တွင်း ဇန်နဝါရီ ၅

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ကံလျှက်တော ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက်ပိုင်းက အဆိုပါ လမ်းထိပ်မုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်က ကံလျှက်တော ကျေးလက်ကျောက်ချောလမ်းနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်သောင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်

ထို့နောက် လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးသန်းနှင့် အမှုဆောင်အရာရှိ ဦးတင်ရှိန်တို့က ကျေးလက်ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ကျေးလက်ကျောက်ချောလမ်းမှာ ၁ဒသမ၆မိုင် ရှည်လျားပြီး ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ပေ ၁၃၆၀ကို စည်ပင်ထည့်ဝင်ငွေကျပ် ၃၃၄၄၀၀၀နှင့် ကျေးလက်ပြည်သူများလုပ်အားတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(၁၁၆)**

ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဖွင့်

လှိုင်လင် ဒီဇင်ဘာ ၂၅

ရပ်ကွက်၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ရက် နံနက် ၈နာရီက လှိုင်လင် ခရိုင် လှိုင်လင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်သည်။

အလားတူပင် မိုင်းနောင်မြို့၊ မိုင်းရှုးမြို့၊ ကျေးသီးမြို့နှင့် ခရိုင်အတွင်းရှိ မြို့နယ်တို့တွင်လည်းတစ်ပြိုင်တည်း ဖွင့်လှစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကတ္တရာလမ်းခင်း

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပင်လုံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၅ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ငပလီကမ်းခြေဟိုတယ်များ ကြည့်ရှုစစ်ဆေး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီ ပြီးစီးရေးမှာကြား

နေပြည်တော် ဇန်နဝါရီ ၁၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင် လိုက်ပါလျက် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ငပလီကမ်းခြေဒေသရှိ Fortune Resort တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းမန်နေဂျာ ဦးစိုးနိုင်က တည်ဆောက်လျက်ရှိသော ဟိုတယ်အဆောက်အအုံများအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီမီ အချိန်မီပြီးစီးရေးမှာကြားပြီး တည်ဆောက်ဆဲ ဟိုတယ်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ငပလီရှိ Aureum Palace Resort ဟိုတယ်တွင် ကြည့်ရှုစစ်ဆေးစဉ်။
(ဟိုတယ်/ခရီး)

အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အုပ်စု(က) မြန်မာ၊ ထိုင်း၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့ ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး - ကိုထွေး

ရန်ကုန် ဇန်နဝါရီ ၁၀

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

လိုက်ပါသွား

အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့နံနက်က လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား စုစုပေါင်း အဖွဲ့ဝင် ၃၂ ဦး လိုက်ပါသွားကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐

အီရတ်သို့ တပ်ဖွဲ့ဝင် တိုးမြှင့်စေလွှတ်မည့်ကိစ္စ အမေရိကန် ပြည်သူအများစု ဆန့်ကျင်

ဝါရှင်တန် ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံသို့ အမေရိကန် တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး သဘောထားကို အမေရိကန်ပြည်သူ ၁၀ ဦးလျှင် ခြောက်ဦး ဆန့်ကျင်ကြောင်း ပြည်သူ့ဆန္ဒသဘောထား စစ်တမ်းအရ အင်္ဂါနေ့က သိရသည်။

အဆိုပါ ပြည်သူ့ဆန္ဒ သဘောထားစစ်တမ်းကို ယူအက်စ်အေ တူဒေးက ကွင်းဆင်းကောက်ယူခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ *

အရှေ့အလယ်ပိုင်းဒေသ မတည်ငြိမ်အောင် အမေရိကန်စွက်ဖက် အီရတ်၊ လက်ဘနွန်နှင့် ပါလက်စတိုင်းဖြစ်ရပ်များက ဖော်ပြ ဒေသတွင်းတည်ငြိမ်မှုရရှိအောင် ဆောင်ရွက်မည်ဟု ဆီးရီးယားသမ္မတပြောကြား

ဒမတ်စကတ် ဇန်နဝါရီ ၁၀

ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်သည် ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဥရောပပါလီမန်ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာ၌ အရှေ့အလယ်ပိုင်းဒေသတွင် အနောက်နိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများနှင့် အီရတ်၊ လက်ဘနွန်၊ ပါလက်စတိုင်းကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

တည်ငြိမ်မှု ယိုယွင်းပျက်ပြားခဲ့ရ

အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်တို့ ပါဝင်ပတ်သက်မှုကြောင့် တည်ငြိမ်မှုယိုယွင်းပျက်ပြားခဲ့ရကြောင်း၊ အီရတ်၊ လက်ဘနွန်နှင့် ပါလက်စတိုင်းတို့၌ ဖြစ်ပွားနေသော ပြဿနာများက ဖော်ပြနေကြောင်း ဘာရှာအယ်လ်အာဆတ်က ဥရောပကိုယ်စားလှယ်အဖွဲ့အား ပြောကြားခဲ့သည်ဟု ဆာနာသတင်းဌာနက ဖော်ပြသည်။

နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု

ဆီးရီးယားအနေဖြင့် အီရတ်နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုရရှိအောင် ကူညီဆောင်ရွက်ပေးသွားရန်ဆန္ဒရှိကြောင်း၊ ထို့အတူ လက်ဘနွန်ပြည်သူများအားလည်း တတ်နိုင်သမျှ ထောက်ပံ့ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ရရှိရန် ဆီးရီးယားနိုင်ငံက တတ်စွမ်းသမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းလည်း ဆီးရီးယားသမ္မတက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အေဒီအိတ်ချ်ဒီ စိတ်ရောဂါသည်များအား အသေအချာစိစစ်ပြီး ကုသရန်လိုအပ်

လန်ဒန် ဇန်နဝါရီ ၁၀

သတိလက်လွတ် မျောက်မူးလဲ စိတ်ဖောက်ပြန်မှုရောဂါ (အေဒီအိတ်ချ်ဒီ)ဖြစ်သည့် အရွယ်ရောက်သူ လူကြီးများအတွက် လိုအပ်သည့် ကုသမှုကို မရရှိကြကြောင်း ထိပ်တန်းစိတ်ရောဂါကုဆရာဝန်တစ်ဦးက ပြောဆိုသည်။

စိစစ်

အေဒီအိတ်ချ်ဒီ ရောဂါဖြစ်သည့် အရွယ်ရောက်သူများအား အသေအချာစိစစ်ပြီး ကုသပေးရန် လန်ဒန်မြို့ မော်စလီဆေးရုံမှ ပါမောက္ခ ဖိလစ်အရှာဆန်က လိုလားသည်။

စိုးရိမ်

ထိုရောဂါ ဖြစ်ပွားသူတွင် စိတ်ကျခြင်း၊ စိုးရိမ်တတ်ခြင်းနှင့် စိတ်လိုက်မာန်ပါ ပြုလုပ်တတ်ခြင်းတို့ကို တွေ့ရတတ်သည်။ အထူးသဖြင့် တစ်ယောက်တည်းနေလျှင် စိတ်ကျဝေဒနာခံစားရသည်။ လောလောဆယ်တွင် ယင်းရောဂါကုသသည့်ဆေးရုံ၊ ဆေးပေးခန်းများ ရှားပါးနေသေးသည့်အတွက် မှားယွင်းကုသမည်ကို ပါမောက္ခ ဖိလစ်အရှာဆန်က စိုးရိမ်ပူပန်လျက်ရှိသည်။

(အင်တာနက်)

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

နွေရာသီ၌ အပူလှိုင်းများကျရောက်နိုင်

နယူးယောက် ဇန်နဝါရီ ၁၀

နယူးယောက်မြို့တွင် ဇန်နဝါရီ ၆ ရက်က အပူချိန်မြင့်တက်ခဲ့ရာ လွန်ခဲ့သော ၁၈၅၀ ပြည့်နှစ်ကထက် အပူချိန် စံချိန်ချိုးကာ ပူပြင်းခဲ့ကြောင်း သိရသည်။

ထိုသို့ နယူးယောက်မြို့တွင် အပူချိန်မြင့်တက်ခဲ့မှုကြောင့် ရေခဲမုန့်များ ရောင်းချရမှုမြင့်မားခဲ့ကြောင်း နယူးယောက်မြို့ရှိ ရေခဲမုန့်ရောင်းချသူတစ်ဦးက ပြောကြားသည်။

ပထမဆုံးအကြိမ် နှင်းမကျ

ထို့အပြင် နယူးယောက်မြို့တွင် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများ၌ နှင်းများ လုံးဝမကျဆင်းခဲ့ချေ။ ၎င်းမှာ ၁၈၇၇ ခုနှစ်ကတည်းက ပထမဆုံးအကြိမ် နှင်းများမကျခြင်းပင်ဖြစ်ကြောင်း သိရသည်။

ရာသီဥတုပူပြင်းမှုကြောင့် ရေနံဈေးနှုန်းများလည်း ကျဆင်းခဲ့ကြောင်း၊ ယခုကဲ့သို့ ရာသီဥတုပူပြင်းလာမှုမှာ ပစိဖိတ်သမုဒ္ဒရာတွင် အယ်နီညိုရာသီဥတုဖြစ်ပေါ်ခြင်းကြောင့်ဖြစ်သည်ဟု မိုးလေဝသပညာရှင်များက သုံးသပ်ပြောကြားသည်။

ထို့အတူ လော့စ်အိန်ဂျလိစ်မြို့တွင်လည်း ယခုနှစ်နွေရာသီ၌ အပူလှိုင်းများ ကျရောက်မည်ဟု ကျွမ်းကျင်သူများက ပြောကြားသည်။ လော့စ်အိန်ဂျလိစ်မြို့တွင် အပူချိန်မှာ စံချိန်တင်မြင့်မားလျက်ရှိသည်။

ယခုနှစ်၌ စံချိန်တင်မည်

ဖန်လုံအိမ် အာနိသင်ထုတ်လွှတ်မှုနှင့် အပူချိန်မြင့်မားမှုတို့မှာ ယခု ၂၀၀၇ခုနှစ်၌ စံချိန်တင်မည်ဖြစ်ကြောင်း လော့စ်အိန်ဂျလိစ်ထုတ် ဒေးလီးနယူးစ်သတင်းတွင် ဖော်ပြသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်

ထို့အတူ ကာလီဖိုးနီးယားပြည်နယ်တွင်လည်း ဇန်နဝါရီ ၆ ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး ပြည်သူတစ်သိန်းခန့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ကြုံခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ